

CARNEGIE
ENDOWMENT FOR
INTERNATIONAL PEACE

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ

CHINA *local/global*

# မြန်မာနိုင်ငံ၌ တရုတ် သတ္တုတူးကုမ္ပဏီများ၏ လုပ်ငန်းစီမံဆောင်ရွက်နမှုများ

ရွှဲကုံး (Xue Gong)

# မြန်မာနိုင်ငံ၌ တရုတ် သတ္တုတွင်းကုမ္ပဏီများ၏ လုပ်ငန်းစီမံဆောင်ရွက်နေမှုများ

ရွှေကုံး (Xue Gong)

© 2022 **ကာနီဂျီ နိုင်ငံတကာ ငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့၏** မူပိုင်ဖြစ်သည်။

ကာနီဂျီအဖွဲ့သည် အများပြည်သူဆိုင်ရာ မူဝါဒကိစ္စရပ်များ၌ အဖွဲ့အစည်းအနေဖြင့် ရပ်တည်မှုများ မရှိပါ။ ဤစာအုပ်ပါအမြင်များသည် စာရေးသူ(များ)၏ အမြင်များကိုသာ ကိုယ်စားပြုပြီး ကာနီဂျီအဖွဲ့၊ အဖွဲ့၏ ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ အမြင်များ မဟုတ်ပါ။

**ကာနီဂျီ နိုင်ငံတကာ ငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့**၏ စာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ ဤစာအုပ်၏ မည်သည့် တစ်စိတ်တစ်ပိုင်းကိုမျှ မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းနှင့်မျှ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း မပြုလုပ်ရ။ မေးမြန်းလိုသည်များအတွက် အောက်ဖော်ပြပါ လိပ်စာသို့ ကျေးဇူးပြု၍ တိုက်ရိုက် ဆက်သွယ်ပါ-

Carnegie Endowment for International Peace
Publications Department
1779 Massachusetts Avenue NW
Washington, DC 20036
P: + 1 202 483 7600
F: + 1 202 483 1840
CarnegieEndowment.org

ဤစာအုပ်ကို CarnegieEndowment.org ၌ အခမဲ့ ဒေါင်းလုပ် ရယူနိုင်ပါသည်။

ခေတ်ပုံ ။ Getty Images မှတစ်ဆင့် ရဲအောင်သူ/အအေက်ဖ်ပီ

# မာတိကာ


| | |
|---|---|
| တရုတ် ဒေသတွင်း/နိုင်ငံတကာ | v |
| အနှစ်ချုပ် | 1 |
| နိဒါန်း | 3 |
| ဒေသတွင်း အစိုးရမဟုတ်သော လုပ်ငန်းများသို့ တရုတ်၏ ချဉ်းကပ်မှုအသစ်များ | 4 |
| ၂၀၂၁ အာဏာသိမ်းမှုမတိုင်မီ မြန်မာ့ နိုင်ငံရေးဘောဂဗေဒ၌ တရုတ်၏ ပါဝင်ပတ်သက်မှု | 8 |
| အငြင်းပွားဖွယ်ရာ လက်ပံတောင်း ကြေးနီသတ္တုတွင်း | 12 |
| လက်ပံတောင်း ကြေးနီသတ္တုတွင်း လူထုနှင့်ချိတ်ဆက်ဆောင်ရွက်မှုမှ သင်ခန်းစာများ | 18 |
| ၂၀၂၁ မြန်မာ့အာဏာသိမ်းမှုအပြီး တရုတ်ရင်းနှီးမြှုပ်နှံမှု | 23 |
| စာရေးသူအကြောင်း | 25 |
| မှတ်စုများ | 26 |

## တရုတ် ဒေသတွင်း/နိုင်ငံတကာ

တရုတ်နိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာသော်လည်း ၎င်းသည် မည်ကဲ့သို့ အင်အားကြီးနိုင်ငံ ဖြစ်လာသည်၊ ယင်းသို့ ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်လာခြင်းသည် မည်ကဲ့သိုအဓိပ္ပာယ်သက်ရောက်မှုရှိသည် တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများမှာမူ မရှိသလောက် နည်းပါးသည်။ တရုတ်နိုင်ငံသည် မိမိ၏ ဖွံ့ဖြိုးတိုးတက်ရေး မိုဒယ်ပုံစံကို ပြည်ပသို့ တင်ပို့ပြီး အဆိုပါနိုင်ငံများအပေါ်၌ သဖြာအာဏာလွှမ်းမိုးမှုရှိသည်ဟု အများက ဆိုသည်။ သို့ရာတွင် တရုတ်လုပ်ငန်းများသည် ၎င်းတို့ ရောက်ရှိရာ နိုင်ငံ၏ အစဉ်အလာ ပုံစံ၊ စံနှုန်း၊ အလေ့အထများနှင့် မိမိကိုယ်မိမိ အံဝင်ခွင်ကျဖြစ်အောင် တစ်ဖက်က လုပ်ရင်း အခြားတစ်ဖက်တွင် လည်း အဆိုပါဒေသ၏ ပြည်တွင်း လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းမှတစ်ဆင့် မိမိသြဇာအာဏာ လွှမ်းမိုးအောင်လည်း ဆောင်ရွက်လျက် ရှိသည်။

ဖို့ဒ်ဖောင်ဒေးရှင်း၏ နှစ်ပေါင်းများစွာ စတေနာထက်သန်သော ငွေကြေးထောက်ပံ့မှု အကူအညီဖြင့် ကာနီဂီ အဖွဲ့သည် ကမ္ဘာ့ဒေသကြီး ၇ ခုတဝှမ်း (အာဖရိက၊ အာရှ အလယ်ပိုင်း၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက၊ ပစိဖိတ်ဒေသ၊ တောင်အာရှနှင့် အရှေ့တောင်အာရှ) တရုတ်၏ ချိတ်ဆက် ဆောင်ရွက်မှု ဗျူဟာများကို ဆန်းသစ်တီထွင်သော သုတေသနစီမံကိန်းအဖွဲ့တစ်ဖွဲ့ဖြင့် လေ့လာဆန်းစစ်ခဲ့သည်။ အဆိုပါ စီမံကိန်း၌ လက်တင် အမေရိကဒေသ၌ အလုပ်သမား ဥပဒေများနှင့် လိုက်လျောညီထွေဖြစ်အောင် တရုတ်ကုမ္ပဏီများ၏ ဆောင်ရွက်ပုံ နည်းလမ်းများ၊ အရှေ့တောင် အာရှနှင့် အရှေ့အလယ်ပိုင်းဒေသ၌ တရုတ်ဘဏ်နှင့် ရန်ပုံငွေအဖွဲ့များက အစဉ်အလာ အစ္စလာမ် ဘဏ္ဍာရေးနှင့် ကွဲပြားမြူထုတ်ကုန်များကို စူးစမ်း ရှာဖွေနေမှုများ၊ အာရှ အလယ်ပိုင်း၌ ဒေသခံ လုပ်သားများ စွမ်းရည်မြှင့်တင်ရန် တရုတ် လုပ်ငန်းများက အကူအညီပေးနေမှုများ စသည်တို့ အပါအဝင် ရုပ်ထွေးအားကောင်းသည့် လုပ်ငန်းဆောင်ရွက်မှု စနစ်များကို သုတေသနလုပ်ခြင်း၊ မဟာဗျူဟာ ဆွေးနွေးညှိနှိုင်းမှု ဆောင်ရွက်ခြင်းများမှတစ်ဆင့် ဤစီမံကိန်းက စူးစမ်း ရှာဖွေ ဖော်ထုတ်ထားသည်။ သက်ဆိုင်ရာဒေသ၏ ပကတိအခြေအနေမှန်များနှင့် လိုက်လျောညီထွေ ဖြစ် အောင် ဆောင်ရွက်သည့် တရုတ်၏ မဟာဗျူဟာများကို အနောက်တိုင်း မူဝါဒ ချမှတ်သူများက အများအား ဖြင့် လျစ်လျူရှုထား တတ်ကြသည်။

နောက်ဆုံးတွင် ဤစီမံကိန်းသည် ကမ္ဘာကြီး၌ တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် သိရှိ နားလည်ကာ ဆန်းသစ်တီထွင်သော မူဝါဒ အယူအဆများ ဖော်ထုတ်နိုင်ရန် ရည်မှန်းသည်။ ထိုသို့ နားလည်ခြင်း အားဖြင့် သက်ဆိုင်ရာ ဒေသအတွင်းရှိ လုပ်ငန်း/အဖွဲ့များအနေဖြင့် မိမိ လူ့အဖွဲ့အစည်းနှင့် စီးပွားရေးကို အထောက်အကူပြုအောင် တရုတ်နိုင်ငံမှ စွမ်းအားများကို လမ်းကြောင်း ဖော်ပေးနိုင်စေရန်၊ ကမ္ဘာတစ်လွှား တွင် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အနောက်နိုင်ငံများ၏ ချိတ်ဆက်ဆောင်ရွက်မှုအတွက် သင်ခန်းစာ များ ပေးနိုင်ရန်၊ တရုတ်လုပ်ငန်းများ၏ အမျိုးအစားစုံလင်လှသော အတွေ့အကြုံများကို တရုတ်နိုင်ငံ၏ မူဝါဒ ချမှတ်သူများ ကိုယ်တိုင်လေ့လာသိရှိရေးကူညီရန်နှင့် သဘာထားကွဲလွဲမှုများကို လျှော့ချလာနိုင်စေရန်တို့ အတွက်လည်း ရည်မှန်းပါသည်။

အီဗင် အေ ဖိုင်ဂင်ဘောင်း (Evan A. Feigenbaum)
*လေ့လာရေးဌာန ဒု-ဥက္ကဋ္ဌ၊* ***ကာနီဂျီ နိုင်ငံတကာ ငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့***

# အနှစ်ချုပ်

၂၀၁၀ ပြည့်လွန်နှစ်များမှ စတင်၍ တရုတ်နိုင်ငံသည် အရှေ့တောင်အာရှအပါအဝင် ကမ္ဘာတစ်လွှား ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခြေခံ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းကြီးများ၌ ငွေအရင်းအနှီး အမြောက် အများ ရင်းနှီးမြှုပ်နှံလျက် ရှိသည်။ တရုတ်နိုင်ငံသည် မိမိ၏ ဖွံ့ဖြိုးတိုးတက်ရေး မိုဒယ်ပုံစံကို ကမ္ဘာသို့ တင်ပို့ ရောင်းချခြင်းသာဖြစ်သည်ဟု အများအပြားက ဆိုကြသော်လည်း တရုတ်လုပ်ငန်းများမှာ စီမံကိန်းဆိုင်ရာ ပြဿနာများကို အတိုင်းအတာတစ်ခုအထိ တစ်ခါတစ်ရံ ရင်ဆိုင် ဖြေရှင်းရန် ကြိုးစားကြသည်။ မေးစရာ မေးခွန်းမှာ တရုတ်လုပ်ငန်းများအနေဖြင့် ၎င်းတို့အလုပ်လုပ်ရာ ဒေသရှိ အခြေအနေများ၊ ဥပဒေနှင့် ကြီးကြပ် ထိန်းသိမ်းမှု ဆိုင်ရာ လိုအပ်ချက်များ၊ နည်းပညာ စံသတ်မှတ်ချက်၊ လူ့အဖွဲ့အစည်းစံနှုန်း စသည်တို့နှင့် လိုက်လျောညီထွေ အံဝင်ခွင်ကျ ဖြစ်အောင် မည်ကဲ့သို့ ဆောင်ရွက်နေသနည်းဟူသော မေးခွန်းဖြစ်သည်။

အဆိုပါ မေးခွန်းကို ဖြေဆိုနိုင်ရန် တရုတ်လုပ်ငန်းများနှင့် မြန်မာနိုင်ငံရှိ လူမှုဝန်းကျင်လုပ်ဆောင်သူများဟု ခေါ်ဆိုနိုင်သော ပြည်တွင်းအရပ်ဘက်အဖွဲ့ များ (ဥပမာ ပြည်တွင်း အန်ဂျီအိုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ရပ်ရွာ အုပ်စုများ၊ အစိုးရပိုင် အန်ဂျီအိုများ၊ တက်ကြွလှုပ်ရှားသူများ၊ ပြည်ပရောက် အခြား ကွန်ယက်များ)အကြား အပြန်အလှန်ဆက်ဆံမှုကို အထူးပြုလေ့လာရန် အရေးကြီးသည်။ တရုတ်နိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်သော သယံဇာတထုတ်ယူမှု အဓိက စီမံကိန်း တစ်ခုဖြစ်သည့် လက်ပံတောင်း ကြေးနီသတ္တုတွင်း စီမံကိန်း၌ တရုတ်၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်မှု များကို ခြေရာခံ လေ့လာသည့်အခါ မြန်မာ့နိုင်ငံရေးစီးပွားရေး၌ တရုတ်လုပ်ငန်းများ၏ ဆယ်စုနှစ် အတန် ကြာအောင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ရင်းနှီးမြှုပ်နှံမှုများက တရုတ်လုပ်ငန်းများအား လူထု အခြေပြုနည်းလမ်းကို သုံး၍ ပြဿနာကို ချဉ်းကပ်လာအောင် တွန်းအားပေးခဲ့သလို မြန်မာ့လူ့အဖွဲ့အစည်း လိုအပ်ချက် များနှင့် တစ်သားတည်း ကျနိုင်အောင် ပုပြင်ပြောင်းလဲလာစေခဲ့ခြင်း ဖြစ်သည်ဟု ဤစာတမ်းက ဆွေးနွေး တင်ပြထားသည်။ မြန်မာ အစိုးရက ယနေ့ ထောက်ခံသော စီမံကိန်းများကို မနက်ဖန်တွင် ဆက်လက် ထောက်ခံချင်မှ ထောက်ခံမည်ကို တရုတ်အစိုးရက နားလည်ထားသည်။ ထို့ကြောင့် ဖိအားများလာချိန်တွင် စီမံကိန်းဒေသမှ ပြည်သူများ၏ လိုလားချက်ကို တရုတ်လုပ်ငန်းများက ပိုမို ဂရုတစိုက် နားထောင် လာကြသည်။ ရံဖန်ရံခါ လက်ရှိ တရုတ် မဟာဗျူဟာ၊ နည်းလမ်း၊ အပြုအမူများတွင် ဒေသခံများ၏ လိုလားချက်များ ကို ပေါင်းစပ် ထည့်သွင်း ပုပြင်ခဲ့ကြသည်။ သို့ရာတွင် အလျှော့ပေးမှုများမှာ အငြင်းပွားမှုကို လုံးဝ ပျောက်ကွယ်သွားစေခြင်း မရှိသလို တရုတ် လုပ်ငန်းများ၏ ဆက်လက်၍ လိုက်လျောညီထွေ ပြောင်းလဲ နိုင်စွမ်း၊ အထူးသဖြင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနှင့် မြန်မာ့နိုင်ငံရေး မငြိမ်မသက်မှုများကြောင့် ထိခိုက်မှုများ ရှိလာပြီးနောက်ပိုင်း အဆိုပါ လိုက်လျောညီ ပြောင်းလဲနိုင်စွမ်းအပေါ် မေးခွန်း ထုတ်စရာ ရှိနေသည်။

အပြောင်းအလဲများ၌ အဓိကကျသော အချက်မှာ ပြည်တွင်း လူမှုအဖွဲ့များ၏ စွမ်းအား ဖြစ်သည်။ ထိုအဖွဲ့များ အားကောင်းပြီးဒေသန္တရ အင်စတီကျူးရှင်း (အခြေခံအဆောက်အအုံများ)၏ ထောက်ခံမှုကို ရရှိသည့်အခါ တရုတ် လုပ်ငန်းများမှာ ဒေသ လိုလားချက်များနှင့် ပိုမို၍ အံဝင်ခွင်ကျဖြစ်ပြီးပြည်တွင်း မိတ်ဖက်များအပါအဝင် ပြည်တွင်း လူမှုအဖွဲ့များ၏ ထောက်ခံမှု ရရှိရန် ခြေလှမ်းသွက်သွက် ဆောင်ရွက်နိုင်လေ့ရှိကြသည်။ ဒေသ တစ်ခုရှိ လူမှုအဖွဲ့များနှင့် အင်စတီကျူးရှင်းများအကြား ဆက်ဆံရေးမှာ အချိန်၊ နေရာကိုလိုက်၍ ပြောင်းလဲ နေသဖြင့် တရုတ် လုပ်ငန်းများ၏ တုံ့ပြန်မှုနှင့် အလေ့အထများမှာလည်း မ

တူညီသော ခတ်ေကာလကို လိုက်၍ ပြောင်းလဲနေသည်။ အနှစ်ချုပ်အားဖြင့် တရုတ်လုပ်ငန်းများသည် လက်ပံတခေါင်း ကြေးနီ စီမံကိန်း သာမက မြန်မာနိုင်ငံရှိ အခြားဖွံ့ဖြိုးရေး စီမံကိန်းများတွင်ပါ ဒေသန္တရ အဆင့်၌ ၎င်းတို့၏ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်စွမ်း ရှိမှုကို ထုတ်ဖော်ပြသကာ တိုးတက်မှုများလည်း အထင်အရှား ရှိနေကြသည်။ မည်သို့ ပင်ဆိုစေ တရုတ်လုပ်ငန်းများ၏ ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက်သည့် ချဉ်းကပ်မှုသည် ဒေသ အခြေအနေအပေါ် တည်မှီနေကာ အထူးသဖြင့် လူမှုအဖွဲ့များ၏ လိုလားချက်အား အုပ်ချုပ်သူ အင်စတီ ကျူးရှင်းများ၏ ထောက်ခံနိုင်စွမ်းနှင့် ထောက်ခံလိုစိတ် အတိုင်းအတာ ပမာဏအပေါ်တွင် မူတည်နေသည်။

- လက်ပံတခေါင်းကြေးနီသတ္တုတွင်းဖြစ်ရပ်တွင် တရုတ်ကုမ္ပဏီဖြစ်သော မြန်မာဝမ်ပေါင် ကြေးနီသတ္တုတွင်းလီမီတက် ("ဝမ်ပေါင်") သည် ၂၀၁၁ ခုနှစ် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်မလာမီ ကာလရှည်ကြာ အုပ်ချုပ်နေသော မြန်မာ စစ်အစိုးရနှင့် ပတ်သက်သည့် လုပ်ငန်းရှင်များ၊ မိတ်ဖက်များ၊ ဒေသအုပ်ချုပ် ရေး အင်စတီကျူးရှင်းများရှိရာ အသိုင်းအဝိုင်းနှင့်သာ အလုပ်လုပ်လေ့ ရှိခဲ့သည်။ သို့ရာတွင် ဒီမိုကရေစီ လမ်းကြောင်းပွင့်လာပြီးနောက် ဒေသလူမှုအဖွဲ့များသည် ဒေသန္တရ အုပ်ချုပ်ရေး အင်စတီကျူးရှင်းများမှ ထောက်ခံမှုရရှိပြီးအားကောင်းလာသည့်အခါ ဝမ်ပေါင်သည် ဒေသလူမှုအဖွဲ့၏ လိုလားချက်များကိုလည်း စတင် ထည့်သွင်းစဉ်းစား လိုက်လျောလာခဲ့သည်။

- ဒီမိုကရေစီ တံခါးပွင့်လာသည့် ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့ ဩဇာတိက္ကမ ကြီးမြားလာသည့်အခါ တရုတ်လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ယန္တရားအား ပြန်လည်ပြင်ဆင်ပြီး လူထုနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အင်စတီကျူးရှင်းများနှင့် ပြည်တွင်း လူမှု အဖွဲ့များက ဖိအားပေးလာကြသည်။ အချို့ အခြေအနေများ၌ လူထုချိတ်ဆက်ဆောင်ရွက်ရေး အတွက် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့များထံမှ အကြံဉာဏ်တောင်းခံခြင်း အပါအဝင် ဝမ်ပေါင်က စံနှုန်းအသစ်များ၊ အလေ့အထအသစ်များကို ပြောင်းလဲကျင့်သုံးလာသည်။

- လူထု ဖိအားနှင့် စိစစ်ကပ်ပြီမတ်မှု အနည်းငယ် လျော့ကျသွားသည်နှင့်တစ်ပြိုင်နက် တရုတ်လုပ်ငန်း များမှာ ဒေသန္တရ အင်စတီကျူးရှင်းများနှင့် တဖန်ပြန်လည်၍ နီးနီးကပ်ကပ် အလုပ်လုပ်ကခြင်း ကြောင့် ၎င်းတို့၏ လူထုပတ်ဝန်းကျင်နှင့် ချိတ်ဆက်ဆောင်ရွက်မှု စံနှုန်းများကို လျှော့ချလာပြန်သည်။

- ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု ဖြစ်ပွားပြီးမြစ၍ မြန်မာ စစ်အစိုးရသည် လူမှု အဖွဲ့အစည်းများကို ဖိနှိပ်ခြင်း၊ နှောင့်ယှက်ခြင်း၊ အကပြကိုင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ အခြေခံအားဖြင့် လူထုချိတ်ဆက် ဆောင်ရွက်မှုကို ဆန့်ကျင်ခြင်း မရှိသော်လည်း စစ်အစိုးရက အပြည့်အဝ ပြန်လည်ထိန်းချုပ်လာသည့်အခါ တရုတ်လုပ်ငန်းများအနေဖြင့် အထူးသဖြင့် လက်ရှိ မြန်မာ့ နိုင်ငံရေး မသေချာ မရေရာမှုများအကြားတွင် လူထုချိတ်ဆက်ဆောင်ရွက်မှု ကတိကဝတ် များအား ဆက်လက်ထိန်းသိမ်းရန် ဆန္ဒများစွာ မရှိတော့ခြင်းမျိုး ဖြစ်လာနိုင်သည်။

## နိဒါန်း

လွန်ခဲ့သော ဆယ်စုနှစ်အချို့အတွင်း တရုတ်နိုင်ငံသည် အရှေ့တောင်အာရှအပါအဝင် ကမ္ဘာတစ်လွှား ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် အရေးပါသော အခြေခံ အဆောက်အအုံ ဆောက်လုပ်ရေး စီမံကိန်းများ၌ ငွေ အရင်းအနှီး အမြောက်အများ ရင်းနှီးမြှုပ်နှံလျက် ရှိသည်။ အကျိုးဆက်အဖြစ် တရုတ်နိုင်ငံ၏ စီးပွားရေး နှင့် နိုင်ငံရေး ခြေရာများမှာ နေရာအနှံ့ လျင်လျင်မြန်မြန် ခြေဆန့်လာခဲ့သည်။ အထူးသဖြင့် ပြည်ပ အခြေခံအဆောက်အအုံ စီမံကိန်း များ၌ ဒေါ်လာ ဘီလီယံပေါင်းများစွာ မြှုပ်နှံမည့် တရုတ်နိုင်ငံ၏ ပိုး လမ်းမသစ်စီမံကိန်း (BRI)မှတစ်ဆင့် ထိုသို့ ကျယ်ပြန့်လာခြင်း ဖြစ်သည်။

တရုတ်နိုင်ငံ၏ အံ့မခန်း ဖွံ့ဖြိုးမှု မိုဒယ်အဖြစ် ပုံဖော်နေမှုကြောင့် ဖြစ်လာမည့် ကမ္ဘာလုံးဆိုင်ရာ အကျိုးဆက် များကို ဝေဖန်သူများက ပူပန်နေကြသော်လည်း တရုတ်လုပ်ငန်းများသည် အချို့ စီမံကိန်း ဆိုင်ရာ စိုးရိမ် ဝေဖန်မှုများအား ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြသည်။[1] ဤသည်မှာ တရုတ် ရင်းနှီးမြှုပ်နှံမှုအပေါ် နိုင်ငံတကာ၏ မကောင်းမြင်မှု ဆိုးဝါးလှသဖြင့် တစ်ခါတစ်ရံ အိမ်ရှင်နိုင်ငံ၏ ကန့်ကွက်မှုမျိုးပင် ရင်ဆိုင်ခဲ့ရသောကြောင့် ဖြစ်သည်။[2] တရုတ်နိုင်ငံတော်ကောင်စီ၊ ဖွံ့ဖြိုးမှု သုတေသန ဗဟိုဌာနက ထုတ်ဝေသော သုတေသနစာတမ်းအရ တရုတ်ငွေကြေးပံ့ပိုးမှုအပေါ် နိုင်ငံတကာ၏ မ ကောင်းမြင်မှုများ (ဥပမာ ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ အဂတိလိုက်စားခြင်း၊ အိမ်ရှင်နိုင်ငံအတွက် ဖွံ့ဖြိုးမှုအကျိုးခံစားရမှု နည်းပါးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု ရေရှည် မခံခြင်း)က တရုတ်နိုင်ငံအပေါ် ငွေကြေးအရ နှင့် နိုင်ငံရေးအရ ဖိအားဖြစ်စေလိမ့်မည်ဟု ဆိုသည်။[3] တရုတ် ရင်းနှီးမြှုပ်နှံမှုအပေါ် အိမ်ရှင်နိုင်ငံများက အကောင်းမြင်လာစေရန်နှင့် တရုတ် အကျိုးစီးပွားများကို ကာကွယ် ရန် အတွက် တရုတ်လုပ်ငန်း များသည် ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှု မဟာဗျူဟာများမှတစ်ဆင့် လူထု စည်းရုံးလှုပ်ရှားမှု များကို စတင် ဆောင်ရွက်လာကြသည်။ သို့ဖြစ်၍ တရုတ်လုပ်ငန်းများအနေဖြင့် ၎င်းတို့ အလုပ်လုပ်ရာ ဒေသရှိ အခြေအနေများ၊ ဥပဒေနှင့် ကြီးကြပ်ထိန်းသိမ်းမှုဆိုင်ရာ လိုအပ်ချက်များ၊ နည်းပညာ စံ သတ်မှတ်ချက်၊ လူ့အဖွဲ့အစည်းစံနှုန်း စသည်တို့နှင့် လိုက်လျောညီထွေ အံဝင်ခွင်ကျ ဖြစ်အောင် မည် ကဲ့သို့ ပုံပြင်ပြောင်းလဲနေကြသနည်းဟု မေးရန်ရှိလာသည်။

တရုတ်နိုင်ငံ၏ အရှေ့တောင်အာရှဒေသ ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်မှုတွင် ဒေသခံမိတ်ဖက်များနှင့် တရုတ် လုပ်ငန်းများအကြား အလုပ်လုပ်သည့် ပုံစံများတွင် စိတ်ဝင်စားဖွယ်ရာ မတူကွဲပြားမှုများကို တွေ့ ရှိရသည်။ ဒေသ အတွင်း တရုတ်နိုင်ငံ၏ လိုက်လျောညီထွေ ပုံပြင်ပြောင်းလဲမှုအတွက် အရေးပါသော ဖြစ်စဉ်မှာ မိမိတို့ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုများအပေါ် ထောက်ခံမှုရရှိစေရန် တရုတ်ကုမ္ပဏီများ၏ လူထုချိတ်ဆက်ဆောင်ရွက် လာမှု အပြောင်းအလဲ ဖြစ်သည်။ အရှေ့တောင်အာရှဒေသ၌ တရုတ် ကုမ္ပဏီများမှာ ဒေသခံ လူထုအကြောင်း ထဲထဲဝင်ဝင် မသိခြင်းကြောင့်ဖြစ်စေ၊ အစောပိုင်း ကျင့်သုံး သည့် ဗျူဟာများကြောင့်ဖြစ်စေ ဒေသခံများ၏ ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်မှုကို ကြုံတွေ့ခဲ့ရသည်။ ထိုသို့ လူထုဆန့်ကျင်မှုနှင့် ကြုံလာသည့်အခါ တရုတ် လုပ်ငန်းများသည် လူထု ချိတ်ဆက်ဆောင်ရွက်မှု အတွက် ပြည်တွင်းလုပ်ငန်းများ၊ မိတ်ဖက်များ (တစ်ခါတစ်ရံ နိုင်ငံတကာ မိတ်ဖက်များ)ထံမှ အကြံဉာဏ် များရယူကာ ၎င်းတို့၏ ချဉ်းကပ်ပုံ နည်းလမ်းကို အသေးစိတ် ပုံပြင်မွမ်းမံခဲ့သည်။

တရုတ်လုပ်ငန်းများနှင့် ပြည်တွင်း အရပ်ဘက်အဖွဲ့များ (ပြည်တွင်း အန်ဂျီအိုများ၊ ဘာသာရေး အဖွဲ့ အစည်း များ၊ ရပ်ရွာအုပ်စုများ၊ အစိုးရပိုင် အန်ဂျီအိုများ၊ တက်ကြွလှုပ်ရှားသူများ၊ ပြည်ပရောက် ကွန်

ယက်များ အပါအဝင်) အကြား အပြန်အလှန်ဆက်ဆံမှုတွင် ထူးခြားသော ဒေသ အစဉ်အလာနှင့် စည်းမျဉ်းများကို တွေ့ရှိရသည်။ တရုတ်နိုင်ငံ အထဝေက်အပံ့ဖြင့် ဆောင်ရွက်သော သယံဇာတထုတ်ယူမှု အဓိက စီမံကိန်းတစ်ခုဖြစ်သည့် လက်ပံတောင်း ကြေးနီသတ္တုတွင်း စီမံကိန်းနှင့်စပ်လျဉ်းသည့် တရုတ်၏ မြန်မာနိုင်ငံအတွင်း ချိတ်ဆက် ဆောင်ရွက်မှုများကို ခြေရာခံ လေ့လာသည့်အခါတရုတ်လုပ်ငန်းများသည် ၎င်းတို့၏ လက်ရှိမဟာဗျူဟာ၊ နည်းလမ်း၊ အပြုအမူများတွင် ပြည်တွင်းအလေ့အထများကို ပေါင်းစပ်ထည့်သွင်း၍ ၎င်းတို့ အလုပ်လုပ်နေ သဘောဒေသ၏ အခြေအနေများတွင် ပိုမိုပါဝင်ပတ်သက်မှု ရှိလာကြောင်း တွေ့ရသည်။ အဆိုပါအပြောင်းအလဲများ၌ အဓိကကျသော အချက်မှာ ပြည်တွင်း လူမှုအဖွဲ့များ၏ စွမ်းပကား ဖြစ်သည်။ ထိုအဖွဲ့များ အားကောင်းပြီး ဒေသန္တရ အင်စတီကျူးရှင်းများ၏ ထောက်ခံမှုကို ရရှိသည့်အခါ တရုတ်လုပ်ငန်းများမှာ ဒေသ လိုလားချက် များနှင့် အထူးပင် အံဝင်ခွင်ကျဖြစ်ကာ ပြည်တွင်း မိတ်ဖက်များအပါအဝင် ပြည်တွင်း လူမှုအဖွဲ့များ၏ ထောက်ခံမှုရရှိရန် ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြသည်။

တရုတ်လုပ်ငန်းများသည် မူလက မြန်မာ အစိုးရနှင့် အုပ်ချုပ်သူ လူတန်းစားအပေါ်တွင်သာ သီးသန့်မှီခိုနေခဲ့ရာမှ ဒေသခံ လူထုက အလွတ်သဘော မိတ်ဖက်များ၊ အကဲပြေး များသဖွယ် ယုံကြည်အားထားနားထောင်သော အဖွဲ့များနှင့် တိုးမြှင့်သော ဆက်ဆံမှုသို့ ပြောင်းလဲခဲ့သည်။ အငြင်းပွားမှုများကို အပြီးတိုင် ဖြေရှင်း နိုင်မှု မရှိခြင်း၊ လူထု ချိတ်ဆက်ဆောင်ရွက်မှုအတွက် ကုမ္ပဏီ၏ အားထည့်ဆောင်ရွက်မှုများ အနည်းငယ် လျော့ကျ လာပုံရခြင်း၊ စသည့် အချက်များ ရှိလင့်ကစား အထက်ပါ မဟာဗျူဟာ အပြောင်းအလဲက ယခင် ဆန့်ကျင်နေခဲ့သော ဒေသခံလူထုနှင့် တရုတ်လုပ်ငန်းများအကြား ဆက်ဆံရေးကို အထိုက်အလျောက် တိုးတက်စေခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌ နိုင်ငံရေးစနစ်ကို စစ်တပ်က ပြန်လည်ထိန်းချုပ်လိုက်သည့် နောက်ပိုင်းတွင် အဆိုပါ ပြောင်းလဲဖြစ်ပေါ်မှုများကို တရုတ်ကုမ္ပဏီများက မည်သို့ ဆက်လက်ထိန်းသိမ်းမည်ဆိုသည့် အချက်မှာ ယနေ့တိုင် ရှင်းလင်းမှု မရှိသေးပေ။

## ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့များသို့ တရုတ်၏ ချဉ်းကပ်မှုအသစ်

တရုတ်နိုင်ငံ၏ ပြည်ပစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြောဆိုမှုအများစုသည် နိုင်ငံအပေါ် ဗဟိုပြုမြ အလွန်အမင်းများသည်။[4] ထိုသို့ အစိုးရချင်း သဘာဝေတူညီချက်ကို အလေးပေးလွန်းသဖြင့် ဝဖေန်ဆွေးနွေးသူ၊ ဆန်းစစ်သူ အများစုက တရုတ် ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှုသည် ဒေသခံ အကျိုး စီးပွားသက်ဆိုင်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုအဖွဲ့များနှင့် လုံလောက်အောင် ပူးပေါင်း ဆောင်ရွက်မှု မရှိဟု ယုံကြည်လျက် ရှိသည်။[5] ထိခိုက်မှုရှိသော လူထုအသိုက်အဝန်းနှင့် တိုင်ပင်ခြင်း သို့မဟုတ် ဒေသခံ နစ်နာမှုများအား ကိုင်တွယ်ဆောင်ရွက်ခြင်းတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုး တိုးတက်မှုအဖွဲ့အစည်း (OECD)၏ စံနှုန်းများကို ကျင့်သုံးခြင်းမရှိဟုဆိုကာ တရုတ်လုပ်ငန်းများအား ဝဖေန် နကြသည်။[6] တရုတ်ဘဏ်နှင့် ကုမ္ပဏီများအနေဖြင့် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက် ရေးဟု အတိအလင်း ကြေညာထားသော တရုတ်နိုင်ငံရေး စံနှုန်းကို အထင်အရှား လိုက်နာနေမှုကြောင့်လည်း တစ်စိတ်တပိုင်းအားဖြင့် ထိုသို့ အလေးအနက်ရှုမြင်ကြခြင်း ဖြစ်သည်။[7] အိမ်ရှင်နိုင်ငံရှိ ဒေသခံလူထုနှင့် တရုတ်လုပ်ငန်းများ၏ ချိတ်ဆက် ဆောင်ရွက်မှုဆိုင်ရာ သတင်း

အချက်အလက် ထုတ်ပြန်မှု အလွန်နည်းပါး နေခြင်းကြောင့်လည်း ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များ၌ တရုတ်လုပ်ငန်းများ၏ တာဝန်ခံမှု အားနည်းသည် ဟု ပုံဖော်ခံရလေ့ရှိခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါအမြင်တွင် ကန့်သတ်ချက်အချို့ ရှိနေသေးသည်။ ပထမတစ်ခုမှာ ၂၀၀၁ ခုနှစ်တွင် "ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုကို အားပေးသည့် မဟာဗျူဟာ (Going Out Strategy)" ကို စတင် ကျင့်သုံးစဉ်ကတည်းက တရုတ်နိုင်ငံ၏ အမြဲတိုးတက်နေသော ကြီးကြပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အဆိုပါ ဝေဖန်မှု အမြင် မျိုးက အသိအမှတ် မပြုနိုင်ခြင်း ဖြစ်သည်။ တရုတ်လုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာ အိမ်ရှင် နိုင်ငံ၏ ဥပဒေ များ၊ စည်းမျဉ်းစည်းကမ်းများ၊ ဒေသန္တရ စံနှုန်းများကို လိုက်နာရန် လိုအပ်သည့်အချက်ကို တရုတ်အစိုးရက မကြာသေးမီနှစ်များက ပြဋ္ဌာန်းခဲ့သည်။ အနည်းဆုံး ၎င်းပြဋ္ဌာန်းချက်မှာ စာရွက်ပေါ်တွင် အာဏာသက်ရောက် မည် ဖြစ်သည်။ ၂၀၁၀ ပြည့်လွန်နှစ်များမှစ၍ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်ချက်နှင့် မူဝါဒ ၂၀ ကို ပြဋ္ဌာန်း၍ တရုတ်က မိမိ၏ ကြီးကြပ်မှု စနစ်ကို ပြုပြင်ခဲ့သည်။[8] ဥပမာ တစ်ခုသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်နိုင်ချေ ဆန်းစစ်ချက်များ (ESIAs)အား ပိုမို တင်းကပြစွာ စီမံရေး အစိမ်းရောင်အမှတ်ပေးစနစ်အတွက် တရုတ်စံနှုန်းများကို သတ်မှတ်သည့် "အစိမ်းရောင် ရမှတ်ဆိုင်ရာ ညွှန်ကြားချက်"ကို တရုတ်ဘဏ်လုပ်ငန်း ကြီးကြပ် ထိန်းသိမ်းရေး ကော်မရှင်က ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။[9] သဘာဝ ပတ်ဝန်းကျင် စံနှုန်းများ၌ တရုတ်၌ မကောင်းသော ဂုဏ်သတင်းများရှိပြီး အကောင်အထည်ဖော်မှု နှောင့်နှေးသော်ငြားလည်း "အစိမ်းရောင် ရမှတ်ဆိုင်ရာ ညွှန်ကြားချက်"သည် အဆိုပါ မျက်နှာစာတွင် အထိုက်အလျောက် အောင်မြင်မှု ရရှိခဲ့သည်။[10]

ဒုတိယအချက်မှာ အစိုးရအထောက်အပံ့ခံ စီးပွားရေးလုပ်ငန်းဟု ဆိုလိုက်သည်နှင့် ဂုဏ်သတင်းနှင့် သက်ဆိုင်သည့် အရာအားလုံး ဘေးရောက်သွားခြင်း မဟုတ်သည့် အချက်ဖြစ်သည်။ အမှန်စင်စစ် အားဖြင့် တရုတ်အစိုးရသည် အိမ်ရှင်နိုင်ငံများ၊ အဓိကအားဖြင့် ဘကျောင်း၏ နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များအတွက် မဟာဗျူဟာ ကျကျ အရေးပါသော ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၎င်း၏ ဂုဏ်သတင်း၊ ပုံရိပ်နှင့် ရေရှည်တည်တံ့သော စီးပွားရေး ဆက်ဆံရေးများအတွက် ဂရုတစိုက် ဆောင်ရွက်နေသေးသည်။ ထို့ကြောင့် တရုတ်ကုမ္ပဏီများအနေဖြင့် ကမ္ဘာ ပေါ်၌ တရုတ်ပုံရိပ်ကောင်းစေရေးနှင့်၊ တရုတ် နူးညံ့ စွမ်းအား (soft power) ကို အထောက်အကူပြုရန်နှင့် အဆိုပါ အိမ်ရှင်နိုင်ငံများနှင့် တရုတ်၏ ဆက်ဆံရေးတိုးတက်အောင် အားဖြည့်ကူညီရန် တရုတ်အစိုးရက မျှော်လင့် သည်။[11]

တတိယအချက်မှာ အရှေ့တောင်အာရှနိုင်ငံများ၏ ရှုပ်ထွေးသော ပြည်တွင်းအခြေအနေများကြောင့် တရုတ် လုပ်ငန်းများသည် ဒေသအခြေအနေကို အနီးကပ်စောင့်ကြည့်လေ့လာကာ တစ်နည်းမဟုတ် တစ်နည်း တုံ့ပြန် ရန် လိုအပ်ချက် ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် အခြားဒေသများနှင့် နှိုင်းယှဉ်ပါက အရှေ့တောင်အာရှ နိုင်ငံ များအသင်း (အာဆီယံ) အပါအဝင် အာရှပစိဖိတ်ဒေသသည် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) အပေါ် ကန့်သတ်ချက်များ ချမှတ်နိုင်ချေ ပိုများသည်။[12] အင်စတီကျူးရှင်းနှင့် ဥပဒေ အတားအဆီးများအပြင် အဂတိ လိုက်စားမှု၊ ပွင့်လင်းမြင်သာမရှိမှု၊ နိုင်ငံရေးတည်ငြိမ်မှု အခြေအနေကဲ့သို့ ပုံမှန်မဟုတ်သော အင်စတီကျူးရှင်း အတားအဆီးများ ရှိနေခြင်းက ပြည်ပရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်ရသည့် ပတ်ဝန်းကျင် အခြေအနေကို ပိုမို ရှုပ်ထွေးစေသေးသည်။[13] FDI ဆက်နွှယ်သည့် စွန့်စားရမှုများကို လျှော့ချရန်အလို့ငှာ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ သည် မိမိတို့ အလုပ်လုပ်မည့်ဒေသ၏ အခြေအနေများ၊ ဥပဒေ၊ စံနှုန်းနှင့် ဓလေ့ထုံးစံများကို လိုက်နာရန် လိုအပ်သည်။ တရုတ်ရင်းနှီးမြှုပ်နှံမှုများမှာ အိမ်ရှင် အစိုးရမကောင်းနှင်သော လုပ်ငန်းများ ဖြစ်လေ့ရှိကာ ထိပ်တန်း အာဏာရ ပုဂ္ဂိုလ်များနှင့် ရင်းနှီးသော

ဆက်ဆံရေး ရှိရန် လိုအပ်သောကြောင့် အစိုးရ အပြောင်းအလဲမျိုးတွင် တရုတ် ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်နိုင်ချေရှိသဖြင့် ယခုအခါ ထိုသို့လိုက်နာရန်မှာ တရုတ်ကုမ္ပဏီများအတွက် ပို၍ပင် အရေးကြီး လာသည်။

အဆိုပါ ရှုပ်ထွေးမှုများကြောင့် တရုတ်လုပ်ငန်း အများအပြားသည် ပြည်တွင်း မိတ်ဖက်များနှင့် အကျိုးတူ ပူးပေါင်း လုပ်ကိုင်လာကြသည်။ တရုတ်ကုမ္ပဏီများသည် အိမ်ရှင်အစိုးရနှင့် ကောင်းစွာချိတ်ဆက်မှုရှိ ပြီး ငွေကြေးအရ တောင့်တင်း ခိုင်မာသော ပြည်တွင်းလုပ်ငန်းများကို ရွေးချယ် လုပ်ကိုင်လေ့ ရှိသည်။ ဥပမာ ထိုင်းနိုင်ငံ အစိုးရ၏ အရှေ့စီးပွားရေး စင်္ကြန်စီမံချက်၌ ပါဝင်သော မြန်နှုန်းမြင့် ရထားလမ်း စီမံကိန်းကြီးတစ်ခုကို ထိုင်းနိုင်ငံရှိ အကြီးဆုံး ပြည်တွင်း နိုင်ငံစုံ ကုမ္ပဏီကြီးတစ်ခု ဖြစ်သည့် Charoen Pokphand အုပ်စု က ဦးစီးဆောင်ရွက်လျက် ရှိသည်။[14] ထို့အပြင် တစ်ဦးချင်း တင်ဒါဝင်ပြိုင်ခြင်းထက် တရုတ်လုပ်ငန်းနှင့် ၎င်း၏ ပြည်တွင်း မိတ်ဖက်တို့ ပူးပေါင်း၍ ဖက်စပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီအဖွဲ့ တစ်ခု တည်ထောင် ဆောင်ရွက်လေ့ရှိကာ ယင်းမှာ ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှု၏ စွန့်စားရမှုကို လျှော့ချရန် တရုတ်ကုမ္ပဏီ များအကြား ပိုမိုရေပန်းစားလာသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ယဘုယျ ဥပဒေသအနေဖြင့် နယ်စပ်ဖြတ် ကျော် ရင်းနှီးမြှုပ်နှံမှု ဖြစ်လျှင် တရုတ်ကုမ္ပဏီ တစ်ဦးတည်း ပိုင်သော် လည်းကောင်း၊ ဖက်စပ်သော် လည်း ကောင်း၊ တရုတ်က လူနည်းစု ရှယ်ယာရှင်အဖြစ်ပါဝင်သည့် ပြည်တွင်း အစုစပ်တစ်ခုသော် လည်းကောင်း၊ ဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်း တည်ဆောက်ပုံက တရုတ်လုပ်ငန်းနှင့် ငွေအရင်းအနှီးများက ပြည်တွင်း အကျိုးတူ မိတ်ဖက်များနှင့် မည်သို့ ချိတ်ဆက်မည်၊ မည်သည့် အလေ့အထများ ကျင့်သုံးမည်ကို အဆုံးအဖြတ် ပေးလေ့ရှိသည်။

သို့သော် ကုမ္ပဏီ အုပ်ချုပ်မှုအခြေအနေအပြင် အိမ်ရှင်နိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုတန်ဖိုးများမှာလည်း အရေး ကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကာ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံရေးဘောဂဗေဒ ဆိုင်ရာ စိန်ခေါ် မှုများကို နည်းအမျိုးမျိုးဖြင့် ဖြစ်ပေါ်စေလျက်ရှိသည်။ သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံတစ်ခုတွင် ပြည်ပစီးပွားရေး လုပ်ငန်းများ၏ ပတ်သက်မှု ပိုများလေလေ တွေ့ကြုံရမည့် ပြည်တွင်း အင်စတီကျူးရှင်း ဆိုင်ရာ၊ စီးပွားရေး ဆိုင်ရာ၊ လူမှုရေး ဆိုင်ရာကန့်သတ်ချက်များ ပိုမိုလျော့နည်းလေလေ ဖြစ်သည်။ တရုတ်နိုင်ငံ၏ ပင်လယ် ရပ်ခြား ရင်းနှီးမြှုပ်နှံမှုသည် အတိုင်းအတာပမာဏနှင့် အရွယ်အစားအရ ကြီးမား လာသည်နှင့်အမျှ ကဏ္ဍစုံ ပြည်တွင်း လူမှုအဖွဲ့အဖုံဖုံနှင့် တရုတ်စီးပွားရေးလုပ်ငန်းများ၏ နှစ့်စဉ်ကြုံတွေ့ နရေမှုက လူ့အဖွဲ့အစည်းမှ အစိုးရသို့ ဆက်ဆံရေး၌ဖြစ်စေ၊ အစိုးရမှ လူ့အဖွဲ့အစည်းသို့ ဆက်ဆံရေး၌ဖြစ်စေ၊ မမျှော်လင့်သော ရလဒ်များ ဖြစ်ပေါ်စေနိုင်သည်။ အချို့ဖြစ်ရပ်များတွင် ပြည်တွင်း လူမှုအဖွဲ့များက တရုတ်ပင်လယ်ရပ်ခြား စီးပွားရေး အကျိုးစီးပွား ပတ်ဝန်းကျင်နှင့် နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များကို ပုံဖော်ရာ၌ အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍမှပင် ပါဝင်နေခဲ့သည်။ ဥပမာ မြန်မာနိုင်ငံ မြစ်ဆုံ စီမံကိန်းအား ဒေသခံများ၏ ဆန့်ကျင်မှုမှာ နိုင်ငံ၏ စစ်အစိုးရနှင့် ကချင်တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအကြား ပဋိပက္ခကို တိုးမြင့်စေခဲ့သည် သာမက ဘကျောင်းနှင့် နေပြည်တော်အကြား သံတမန်ရေး အချင်းများမှုကိုလည်း ဖြစ်ပွားစေခဲ့သည်။

စီမံကိန်းနှင့် သက်ဆိုင်သည့် နစ်နာမှုများကို ဖြေရှင်းရန် တရုတ်ကုမ္ပဏီများက ဒေသလိုလားချက်နှင့် အံဝင် အောင် ဆောင်ရွက်သည့် အတိုင်းအတာမှာ အမျိုးမျိုး ကွဲလွဲသည်။ တရုတ်ကုမ္ပဏီများက အနည်းဆုံး နည်းလမ်း ၃ မျိုးဖြင့် တုံ့ပြန်နိုင်သည်။ ၎င်းတို့မှာ ဒေသ၏ စံနှုန်းနှင့် အလေ့အထများကို အပြည့်အဝ လက်ခံ ခြင်း (ဒေသနှင့် ကိုက်ညီအောင်လုပ်ခြင်း)၊ အိမ်ရှင်နိုင်ငံ၏ စံနှုန်းနှင့် အလေ့အထများ

ကို ရွေးချယ်၍ လက်ခံ ခြင်း (ရွေးချယ် လက်ခံခြင်း) သို့မဟုတ် တရုတ်ကုမ္ပဏီ၏ ကိုယ်ပိုင်နည်းလမ်းကို အိမ်ရှင်နိုင်ငံ သို့မဟုတ် မိတ်ဖက်က လက်ခံလာအောင် စည်းရုံး၍ ဒေသအလေ့အထများကို ပြေးပယ်ခြင်း (တရုတ်အလေ့အထများ တင်ပို့ခြင်း)တို့ ဖြစ်သည်။

ဒေသနှင့် အပြည့်အဝ ကိုက်ညီအောင်လုပ်သည့် ဖြစ်ရပ်တွင် ပြည်တွင်းလူမှုအဖွဲ့များသည် အိမ်ရှင်နိုင်ငံ၏ ပြည်တွင်း နိုင်ငံရေးစီးပွားရေးတွင် တရားဝင် တန်ခိုးသြဇာရှိသူများ ဖြစ်လေ့ရှိကာ ၎င်းတို့၏ သြဇာအာဏာ ကို အသိအမှတ်ပြုလိုက်နာစေအောင် အင်စတီကျူးရှင်းများအပေါ် လွှမ်းမိုးမှု ရှိသည်။ လူမှုလုပ်ရှားမှုတစ်ခု ကို ဒေသန္တရ အင်စတီကျူးရှင်းများက ထောက်ခံသည့်အခါ ယင်းကို ဖိလာပုပြါက လူမှုရေးအရကော အင်စတီကျူးရှင်းကပါအပြစ်ပေးခံရမည့် အန္တရာယ်ရှိသဖြင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများက လူမှုလုပ်ရှားမှု၏ တောင်းဆိုချက်များကို လိုက်လျောနိုင်ချေ ပိုများသည်။

ပြည်တွင်း လူမှုအဖွဲ့များမှာ များစွာ တန်ခိုးသြဇာ မရှိသော်လည်း အားကောင်းသည့် အုပ်ချုပ်မှု အင်စတီကျူးရှင်းများ ရှိပါက တရုတ်ကုမ္ပဏီများသည် လူမှုရေး လုပ်ရှားမှုကို များစွာ မလိုက်လျောဘဲ ပြည်တွင်း ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအနက် အချို့ကိုသာ ရွေးချယ် ကျင့်သုံးကြသည်။ ထိုသို့ ဒေသနှင့် တစ်စိတ် တစ်ပိုင်း ကိုက်ညီအောင် ပြောင်းလဲခြင်းသည် စိန်ခေါ်မှုများ ရှိတတ်သည်။ ပြည်တွင်း လူမှုအဖွဲ့များနှင့် အုပ်ချုပ်မှု အင်စတီကျူးရှင်းများအကြား တင်းမာမှုများ ကြီးထွားလာသည့်အခါ ဒေသခံများက ပြည်တွင်း နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် မိမိတို့ သြဇာသက်ရောက်ရန် စတင် စည်းရုံးဆော်သြ လာကြသဖြင့် အိမ်ရှင်အစိုးရနှင့် နီးကပ်စွာ ဆက်ဆံနသေည့် တရုတ်လုပ်ငန်းများသည် ပြည်တွင်းလူမှုအဖွဲ့ များ၏ လိုလားချက်ကို ဖြည့်ဆည်းနိုင်ရေး မိမိ လုပ်ငန်းစဉ်ကို ပြောင်းလဲလာရသည်။ ၎င်းတို့နှင့် မတူသော ဆန့်ကျင်ဘက် အခြေအနေအားဖြင့် ပြည်တွင်း လူမှုအဖွဲ့များ၌ မည်သည့် တန်ခိုးသြဇာမျှ မရှိသလို အိမ်ရှင် နိုင်ငံ၏ အုပ်ချုပ်မှု အင်စတီကျူးရှင်းများမှာလည်း အလွန်အားနည်းနသေည့် အခါ တရုတ်က တတိယ နည်းလမ်းဖြစ်သော ၎င်း၏ကိုယ်ပိုင် အလေ့အထများကို တင်ပို့လေ့ရှိသည်။

သို့သော် တရုတ်ကုမ္ပဏီများသည် အိမ်ရှင်နိုင်ငံ၏ အရပ်ဘက်အုပ်စုများနှင့်သာ ပူးပေါင်းလုပ်ကိုင်ခြင်း မဟုတ်ဘဲ အစိုးရမဟုတ်သော အဖွဲ့များနှင့်လည်း ရွေးချယ် ပူးပေါင်းကာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို လက်ခံကျင့်သုံးကြသည်။ တစ်ခါတစ်ရံတွင် တာဝန်ယူမှုရှိသော ပြည်ပ ရင်းနှီးမြှုပ်နှံမှု ဖြစ်ထွန်းရေး အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းမှုသည် တရုတ်အစိုးရ သို့မဟုတ် အိမ်ရှင်အစိုးရ၏ ညွှန်ကြားချက်အရ နရောရလာခြင်းမျိုးလည်း ရှိသည်။ ဥပမာ တရုတ် ငွေရောင်ကြေးရှင် လုပ်ငန်း ၇ ဖွဲ့ (၎င်းတို့အနက် ၆ ဖွဲ့မှာ ပုဂ္ဂလိက ကဏ္ဍမှဖြစ်ကာ ၁ ဖွဲ့မှာ အစိုးရနှင့် ဆက်နွယ်မှုရှိသူ)က လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအရ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု ကို အားပေးမည့် အကြွတော အခြေခံမူများကို ရေးဆွဲခဲ့သည်။[15] အလားတူပင် ၂၀၁၆ ခုနှစ်အထိ အနည်းဆုံး တရုတ်ကုမ္ပဏီ ၁၃၀ သည် ဟိုက်ဒရိုကာဘွန် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၌ အကောင်းဆုံး အလေ့အထ များနှင့် ပွင့်လင်းမြင်သာမှုကို အားပေး မြှင့်တင်သည့် ကမ္ဘာ့ စံနှုန်းတစ်ခု ဖြစ်သော တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ် (EITI) ထံသို့ ကုမ္ပဏီတစ်ခု ချင်း၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို မိမိသဘောဆန္ဒအလျောက် ပေးပို့လျက်ရှိသည်။[16] တစ်ခါ တစ်ရံတွင် ပင်လယ်ရပ်ခြား၌ အလုပ်လုပ်နသေော တရုတ် ကုမ္ပဏီများသည် အိမ်ရှင်နိုင်ငံရှိ ပြည်တွင်းလူမှု အဖွဲ့များနှင့် ဆက်ဆံရေး တိုးတက် ကောင်းမွန်စရေန် တရုတ် သို့မဟုတ် နိုင်ငံတကာမှ အစိုးရမဟုတ်သော အန်ဂျီအိုအဖွဲ့များ၊ အတိုင်ပင်ခံ ကုမ္ပဏီများထံမှ အကူအညီ ရယူခဲ့သည်။ သို့သော် အစိုးရမဟုတ်သော

အဖွဲ့ များနှင့် ယင်းသို့ ရှုပ်ထွေးသည့်ပူးပေါင်းမှုသည် ယဘုယျအားဖြင့် ပြည်တွင်း အခြေပြုလူထုချိတ်ဆက်မှု ဗျူဟာ၏ ဒုတိယအရံ ဖြည့်စွက် ဆောင်ရွက်ချက်မျိုးသာ ဖြစ်သည်။ အဆိုပါ ပြည်တွင်း အခြေပြုလူထု ချိတ်ဆက် ဆောင်ရွက်မှု ဗျူဟာကို ပြည်တွင်း အရပ်ဘက် အုပ်စုများနှင့် ဒေသန္တရအုပ်ချုပ်မှု အင်စတီ ကျူးရှင်းများအကြား အပြန်အလှန် ဆက်ဆံရေးက နောက်ဆုံးသတ်မှတ်ပေးသည်။

## ၂၀၂၁ အာဏာသိမ်းမှုမတိုင်မီ မြန်မာ့ နိုင်ငံရေးဘောဂဗေဒ၌ တရုတ်၏ ပါဝင်ပတ်သက်မှု

သယံဇာတ ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အလျောက် မြန်မာနိုင်ငံသည် တရုတ်ကုမ္ပဏီ များ အတွက် သတ္တုတူးဖော်ရေး၊ ရေအားလျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ် ရန် ရပေါ်နီး စားသည့် ဦးတည်နိုင်ငံတစ်ခု ဖြစ်သည်။ တရုတ် ကျောထောက်နောက်ခံပြုသည့် အရွယ်အစားကြီးမားသော အခြေခံအဆောက်အအုံ စီမံကိန်းအများအပြားကို အစိုးရအချင်းချင်း ဆောင်ရွက်သည့် စီမံကိန်းများအဖြစ် ၂၀၀၀ ပြည့်လွန် နှောင်းပိုင်း တရုတ်ခေါင်းဆောင်များ၏ မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်အတွင်း စာချုပ် ချုပ်ဆိုခဲ့ကြသည်။

အနောက်နိုင်ငံ ပိတ်ဆို့အရေးယူမှုများနှင့် နိုင်ငံတွင်း ရှိခဲ့ကြသော တရုတ်လုပ်ငန်းများမှာ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် ပိုမို လွယ်ကူခဲ့သည်ဟု ပြောဆိုလေ့ရှိသော်လည်း နိုင်ငံတွင်းတရုတ်ကုမ္ပဏီများ ရင်ဆိုင်ကြုံတွေ့ရသည့် ပတ် ဝန်း ကျင်မှာ စိန်ခေါ်မှု ပိုကြီးမားသည်ဟုလည်း ပြန်လည်ချပြနိုင်သည်။ လွန်ခဲ့သည့် ဆယ်နှစ်ကျော် အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း တံခါးဖွင့်လာသည့်အချိန် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ၏ အစောပိုင်း ကာလများ၌ လူထုဆန့်ကျင်ဆန္ဒပြမှုများ၊ မုန်တိုင်းနာကျည်းနေသော အရပ်ဘက်လူမှု အဖွဲ့ လှုပ်ရှားမှုများ ကို တရုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အားလုံးနီးပါး စတင် ရင်ဆိုင်လာကြရသည်။

လက်ပံတောင်းကြေးနီစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဆာလင်းကြီးမြို့နယ်၌ တည်ရှိသည်။ စီမံကိန်း ကို လက်ပြောင်းလက်လွှဲမလုပ်မီက ကနေဒါ သတ္တုတူးဖော်ရေးကုမ္ပဏီဖြစ်သော အိုင်ဗင်ဟိုးနှင့် မြန်မာ အစိုးရပိုင် (SOE) အမှတ် ၁ သတ္တုတူးဖော်ရေးတို့အကြား ဖွဲ့စည်းထားသည့် ဖက်စပ်ကုမ္ပဏီက ၁၉၉၆ ခုနှစ်ကတည်းက လုပ်ငန်းဆောင်ရွက်နေခဲ့ခြင်း ဖြစ်သည်။[17] ၂၀၀၆ ခုနှစ်အတွင်း စီးပွားရေး ပိတ်ဆို့မှု ဖိအားများကြောင့် အိုင်ဗင်ဟိုးကုမ္ပဏီက အဆိုပါရင်းနှီးမြှုပ်နှံမှုမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။ ထိုအခါ လက်ပံတောင်းစီမံကိန်း ကို အဖွဲ့နှစ်ဖွဲ့က ဝယ်ယူခဲ့ပြီး ၎င်းတို့အနက် တစ်ဖွဲ့မှာ ၁၉၉၀ ပြည့်နှစ်က တည်ထောင်ပြီး စစ်တပ်နှင့် ဆက်နွယ်မှုရှိကာ အဓိက ငွေရှာပေးသူဖြစ်သည့် မြန်မာစီးပွားရေးဦးပိုင် ကုမ္ပဏီ လီမိတက် (UMEHL) နှင့် ကျန် တစ်ဖွဲ့မှာ အဆက်အသွယ် ကောင်းပြီး တရုတ်စစ်တပ်နှင့် ဆက်နွယ်သလို အစိုးရပိုင်လည်းဖြစ်သည့် တရုတ် မြောက်ပိုင်း စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း (နော်ရင် ကို)၏ လက်အောက်ခံ "မြန်မာဝမ်ပေါင် သတ္တုတူးဖော်ရေး ကြေးနီလီမိတက် (ဝမ်ပေါင်)" တို့ဖြစ်ကြသည်။ ထုတ်လုပ်နိုင်မှု အလားအလာကို တရုတ်ကုမ္ပဏီက နှစ်ကိုမြဲ တိုင် စစ်ဆေးမှုများ ပြုလုပ်အပြီး စီမံကိန်း ကို ဝယ်ယူခဲ့ကြသည်။[18] ပိုင်ဆိုင်မှုအလွှဲအပြောင်းမှာ ပွင့်လင်း မြင်သာမှု မရှိသော်လည်း[19] ယခင် တရုတ် ဝန်ကြီးချုပ် ဝမ်ကြားပေါင် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ် သည့် ၂၀၁၀ ပြည့်နှစ်တွင်ပင် အဆိုပါ ပိုင်ဆိုင်မှု အပြောင်းအလဲ ဖြစ်ပွားခဲ့သည်မှာမူ ထင်ရှားသည်။ ၂၀၁၁ ခုနှစ် မတ်လတွင် စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့သော်ငြားလည်း မကြာမီ ပင အငြင်းပွားစရာများ တအုံနွေးနွေး ဆက်လက်ပေါ်ထွက်လာခဲ့သည်။[20]

ပြည်ပရင်းနှီးမှုပြန့်နှံမှုများကို စိစစ်မှုများ ပိုမိုပွင့်လင်းလာသည့်အခါ မြန်မာနိုင်ငံ၏ ယခင် သမ္မတ ဦးသိန်း စိန်က အများပြည်သူ၏ တောင်းဆိုမှုများကို သည်းခံမှုနှင့် လိုက်လျောမှုများဖြင့် ရှေ့ရှုက်တုံ့ပြန်ခဲ့သည်။ အရပ် ဘက် အဖွဲ့များ၏ တောင်းဆိုမှုကြောင့် မြစ်ဆုံစီမံကိန်းကို ၂၀၁၁ ခုနှစ်၌ ယာယီ ရပ်ဆိုင်းလိုက် သည့်အခါ လူမှုရေးတက်ကြွလှုပ်ရှားမှုကို ပိုမို အားတက်လာစေခဲ့ပြီးနောက်ထပ် တရုတ် အခြေခံ အဆောက်အအုံ စီမံ ကိန်းကြီးများ ရပ်ဆိုင်းရခြင်း၊ စည်းကမ်းချက်များ ပြန်လည်ဆွေးနွေးညှိနှိုင်းရခြင်း၊ ဖျက်သိမ်းရခြင်းများ ဆက်လက်ဖြစ်ပေါ်လာသည် (လက်ပံတောင်း ကြေးနီသတ္တုတွင်းနှင့် စပ်လျဉ်း သည့် အဓိကအဖြစ်အပျက်များ စာရင်းကို ဇယား ၁ တွင် ဖော်ပြထားသည်)။[21]

မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုများအား မကြာခဏတွန်းလှန်ဆန့်ကျင်မှုများကို ထောက်ရှု၍ လွန်ခဲ့ သော ဆယ်စုနှစ်များအတွင်း မြန်မာစစ်အစိုးရနှင့် တရုတ်ရင်းနှီးမြှုပ်နှံသူများအကြား ရင်းနှီးသော ဆက်ဆံ ရေးကြောင့် မြန်မာ အရပ်ဘက်အဖွဲ့များအတွင်း တရုတ်လုပ်ငန်းများအပေါ် မလိုလားသည့် အမြင်များ ဖြစ် ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်အချို့က ဆွေးနွေးလာကြသည်။[22] မြန်မာနိုင်ငံ၌ တရုတ်

ဇယား ၁

### မြန်မာ လက်ပံတောင်း ကြေးနီသတ္တုတွင်း၏ အဓိက မှတ်တိုင်များ (၂၀၁၀-၂၀၂၁)

| |
|---|
| ဝမ်ပေါင်နှင့် မြန်မာ့ဦးပိုင်အကြား ဖက်စပ်လုပ်ငန်းကို၂၀၁၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သည်။ သတ္တုတူးဖော်မှု အတွက် ဆောက်လုပ်ရေးနှင့် မြေသိမ်းလုပ်ငန်းကို၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည်။ |
| စီမံကိန်းကိုဆန့်ကျင်သည့် လူထု၏ အင်အားကြီးမားသည့်ဆန္ဒပြမှုသည် ၂၀၁၂ ခုနှစ် မတ်လတွင် စတင် ဖြစ်ပွားခဲ့ပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လအထိ အရှိန်မြင့်လာခဲ့သည်။ နိုဝင်ဘာလ၌ စီမံကိန်းကိုယာယီရပ်ဆိုင်းခဲ့သည်။ |
| လက်ပံတောင်းစုံစမ်းရေးကော်မရှင်ကို၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် ဖွဲ့စည်းခဲ့သည်။ |
| စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ကော်မတီက ၂၀၁၃ ခုနှစ် မတ်လတွင် စီမံကိန်းကိုပြန်လည်စတင်ရန် ခွင့်ပြုခဲ့သော်လည်း ပဋိညာဉ်စည်းကမ်းချက်များကိုပြင်ဆင်ခဲ့သည်။ စီမံကိန်းဆိုင်ရာ ဆောက်လုပ်ရေး လုပ်ငန်းများကို၂၀၁၃ ခုနှစ် အောက်တိုဘာတွင် ပြန်လည်စတင်သည်။ |
| ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယအကြိမ် အင်အားကြီးမားသော ဆန္ဒပြမှု၌ ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့်အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး စီမံကိန်းကိုဟန့်တားနှောင့်ယှက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ |
| သတ္တုတွင်းစီမံကိန်းကို၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် ပြန်လည်စတင်ကာ သတ္တုတူးဖော်မှုများကို၂၀၁၆ ခုနှစ် မတ်လ၌ စတင် ပြုလုပ်ခဲ့ပြီး ဆန္ဒပြမှုများ ကြိုကြားကြိုကြား ဖြစ်ပွားသော်လည်း မကြာသေးမီ နှစ်များအတွင်း အနှောင့်အယှက် နည်းနည်းဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သည်။ |
| (အချို့ရွာသားများက ရွှေ့ပြောင်းပေးရန် ငြင်းဆန်နေဆဲ ဖြစ်သော်လည်း) ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည် နေရာချထားမှုနှင့် မြေယာသိမ်းဆည်းမှုဆိုင်ရာ စည်းကမ်းချက်များအတွက် ဝမ်ပေါင်နှင့်ဆွယ်တဲ ကျေးရွာသားများ စေ့စပ်ညှိနှိုင်းမှု အပြီးသတ်ခဲ့သည်။ |
| ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းမှုအပြီး လူထုအာဏာဖီဆန်လှုပ်ရှားမှုတွင် အလုပ်သမားများ ပါဝင်ခဲ့မှုကြောင့်စီမံကိန်းကိုအချိန်အတော် ရပ်နားခဲ့ရသော်လည်း မကြာမီ လုပ်ငန်းများ ပြန်လည် လည်ပတ်ခဲ့သည်။ |

**ရင်းမြစ်။** စာရေးသူက စုစည်းပြုစုထားခြင်း ဖြစ်သည်။ အချက်အလက်ရယူသည့်ဌာနနှင့် အသေးစိတ်များကို နောက်ပိုင်းအခန်းများတွင် ကြည့်ရှုပါ။


ရင်းနှီးမြှုပ်နှံမှုရပ်ဝန်း အပြောင်းအလဲနှင့်အတူ ၂၀၁၀ ပြည့်နှစ်မှစတင်၍ တိုင်းပြည်အတွင်း ဝင်ရောက်သည့် တရုတ် ရင်းနှီးမြှုပ်နှံမှုများ အလွန်အမင်း ကျဆင်းလာခဲ့သည်။ ၂၀၁၂ ခုနှစ်၌ ရင်းနှီးမြှုပ်နှံမှု ပြန်လည်မြင့် တက်လာသော်လည်း ယင်းမှာ နောက်ထပ်တစ်ဖန် ပြန်လည် ကျဆင်းသွားခဲ့သည် (ပုံ ၁ ကို ကြည့်ပါ)။

အစောပိုင်းတွင် တရုတ်စီမံကိန်းများအပေါ် ဝေဖန်မှုသည် အမေရိကန်ပြည်ထောင်စုနှင့် အနောက်အုပ်စု နိုင်ငံများ၏ အကူအညီ ဖြင့် အပြည်ပြည်ဆိုင်ရာ အန်ဂျီအိုများက နာမည်ဖျက်နေခြင်း ဖြစ်သည်ဟု တရုတ်ပညာရှင်နှင့် ဆန်းစစ်သူ အများအပြားက တုံ့ပြန်ခဲ့သည်။[23] ဥပမာ "မြန်မာနိုင်ငံအတွင်း မငြိမ် သက်မှုများကို အနောက် နိုင်ငံများက လှုံ့ဆော်ဖန်တီးနေသည်" ဟူသော ဝါဒဖြန့်သတင်းများကို ဆင်ဟွာ သတင်းဌာနက မြန်မာမီဒီယာ များထံ ပေးပို့ခဲ့သည်ဟု ဆိုသည်။[24] အန်ဂျီအိုများသည် ယုံကြည်ကိုးစား ထိုက်မှုမရှိဟူသော ယူဆချက်ကြောင့် ပရဟိတလုပ်ငန်း ဆောင်ရွက်နေသူအချို့နှင့် ချွင်းချက်အဖြစ် ပူးပေါင်းခြင်းမှအပ တရုတ် စီးပွားရေး လုပ်ငန်း များသည် အန်ဂျီအိုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်မှု ကို အများအားဖြင့် ကန့်သတ်ထားခဲ့သည်။[25] ဥပမာ မြန်မာနိုင်ငံ ရအေးလျှပ်စစ် စီမံကိန်းများတွင် ဆောင်ရွက်နေသော တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ စွမ်းအင် ကော်ပိုရေးရှင်းကြီးတစ်ခု၏ ဥက္ကဋ္ဌ ဖြစ် သူက "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေ အားလုံးက ကောင်းကောင်းနေ၊ ကောင်းကောင်း စား၊ ကောင်းကောင်းဝတ် နေရသူတွေ။ သူတို့ရဲ့ အခြေအနေတွေ တိုးတက်လာအောင် လုပ်ပေးစရာ မလို ဘူး။ သူတို့နဲ့ စကားပြောစရာ မလိုပါဘူး" ဟု တစ်ခါက မှတ်ချက်ချ ခဲ့ဖူးသည်။[26]

မြန်မာနိုင်ငံ၌ ဒီမိုကရေစီ တံခါးပွင့်လာသည့်အခါ မြန်မာစစ်အစိုးရအပေါ် မှီခိုအားထားနခဲ့သော တရုတ် လုပ်ငန်းများသည် ကြီးကြပ်ထိန်းသိမ်းမှုဝန်းကျင်အသစ်၌ ဆက်လက်ကျင်လည်နိုင်အောင် မိမိတို့၏ လုပ်ငန်း ဗျူဟာများကို အထူးသဖြင့် ၂၀၁၆ ခုနှစ်၌ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်ဒီ) အာဏာရလာပြီးနောက်ပိုင်းတွင် ပြောင်းလဲလာရသည်။ နိုင်ငံရေး အပြောင်းအလဲကြောင့် အနောက်နိုင်ငံအစိုးရများက စီးပွားရေး ပိတ်ဆို့အရေးယူမှု အများစုကို ပြန်လည်ရုပ်သိမ်းခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် တရုတ်အပေါ် အကြီးအကျယ် မှီခို နေရသည့် အခြေအနေမှ ရုန်းထွက်၍ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံအသစ်များ ဆွဲဆောင်ခြင်း၊ မြန်မာ့ပို့ကုန် ဈေးကွက်သစ်များ ရှာဖွေ ခြင်း၊ အခြားနိုင်ငံများနှင့် စီးပွားရေးအဆက်အသွယ် တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက် လာနိုင်ခဲ့သည်။[27] ဝင် ရောက်လာသည့် FDI ၏ အရည်အသွေးကောင်းမွန်မှုကို သေချာစေရန် အန်အယ်ဒီအစိုးရ သည် ကြီးကြပ် ထိန်းသိမ်းမှုဆိုင်ရာ ပုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီး တာဝန်ယူမှုရှိသော ရင်းနှီး မြှုပ်နှံမှု စီမံကိန်း များဖြစ်စေရေး တင်းကျပ်စွာ စိစစ်မှုများ အပါအဝင် လူထုဗဟိုပြုမူဝါဒများကို ချမှတ်ဆောင် ရွက်ခဲ့သည် ။[28] ဥပမာ ၂၀၁၆ ခုနှစ်တွင် မြန်မာ အစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမို ပွင့်လင်းမြင်သာ၍ တာဝန်ခံမှု ရှိစေရန် စီးပွားရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ပုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့သည်။[29]

မြန်မာ့နိုင်ငံရေး စီးပွားရေး ရပ်ဝန်းအပြောင်းအလဲကြောင့် တရုတ်လုပ်ငန်းများအဖို့ နောက်ထပ် စိစစ် ကပ်ြမတ်မှုများ ကံုတွေ့လာရကာ တိုင်းပြည်တွင်းရှိ မိမိတို့၏ ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားများကို ကာ ကွယ် နိုင်ရေး မိမိတို့ဗျူဟာများကို နည်းအမျိုးမျိုးဖြင့် ပုပြင်ပြောင်းလဲလာစေအောင် တရုတ်လုပ်ငန်းများ ကို အဆိုပါ စိစစ်မှုများက တွန်းအားပေးနိုင်ခဲ့သည်။ ပထမဦးစွာ တရုတ်လုပ်ငန်းအများအပြားသည် ပြည်တွင်း လုပ်ငန်းများနှင့် အစုစပ် ပူးပေါင်း၍ လုပ်ငန်းများ ခွဲလုပ်လာသည်။ မြန်မာစစ်တပ်နှင့် ပတ်သက် သော အဖွဲ့များ အပေါ် အလွန်အမင်း မှီခိုနေရမှုကို ရပ်ဆိုင်းပြီးအန်အယ်ဒီ ခေါင်းဆောင်များနှင့်

ပုံ ၁
## မြန်မာနိုင်ငံ၌ တရုတ်နိုင်ငံ၏ နှစ်စဉ် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု




ရင်းမြစ်။ CEIC, “China Premium Database,” CEIC, 2004–2020, accessed July 8, 2021, https://info.ceicdata.com/en-products-china-premium-database.

မှတ်ချက်။ ဤနှစ်စဉ်တန်ဖိုးများကို အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ထားပြီး တရုတ်စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရရှိသော ဒေတာများအပေါ် အခြေခံထားသည်။

မြန်မာနိုင်ငံရှိ တရုတ် တိုင်းရင်းသား စီးပွားရေးအသိုင်းအဝန်း အဖွဲ့ဝင်များအပြင် အရပ်ဘက်လူမှုရေးအဖွဲ့များ၊ ပြည်တွင်း ရပ်ရွာ အဖွဲ့များနှင့်ပင် တရုတ်တို့ ဆက်သွယ် ဆောင်ရွက်လာသည်။[30] ဒုတိယအနေဖြင့် အိမ်ရှင်နိုင်ငံ၏ မတူကွဲပြား ယဉ်ကျေးမှု အစဉ်အလာများကို ဖောက်ဖျက်ကျူးလွန်မိမည့် အန္တရာယ်ကို လျှော့ချနိုင်ရန် တရုတ်ကုမ္ပဏီများ က မိမိတို့၏ စီးပွားရေးလုပ်ငန်း အလေ့အထများ တိုးတက်ကောင်းမွန်အောင် စတင်ဆောင်ရွက်လာသည်။ မြန်မာ့ကူးသန်းရောင်းဝယ်မှု လုပ်ငန်းအချို့၌ ဆောင်ရွက်နေသော တရုတ်ကုမ္ပဏီများသည် မြန်မာ့ ဘာသာရေး ထုံးတမ်းစဉ်လာများကို လေးစားမှု ရှိလာခြင်း၊ စီမံကိန်းကြောင့် ထိခိုက်နစ်နာသည့် လူမှု အသိုင်း အဝန်းများအား ပေးကမ်းလှူတမ်းလာခြင်း စသည်ဖြင့် ပြည်တွင်း စံနှုန်းနှင့် အလေ့အထများကို ပိုမို လေးစား လိုက်နာလာကြသည်။ တတိယအချက်မှာ တရုတ်ကုမ္ပဏီများသည် ၎င်းတို့၏ ကုမ္ပဏီ လူမှုရေးတာဝန်သိမှု (CSR)၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ကာ ဒေသခံများ၏ လိုလားချက်ကို ဖြည့်ဆည်းရန် ကြိုးပမ်းလာခြင်း ဖြစ် သည်။ စတုတ္ထအချက်အနေဖြင့် လက်ပံတောင်း ကြေးနီ စီမံကိန်း၌ မီဒီယာနှင့် ဆက်ဆံမှု တိုးမြှင့်လာသည့် နမူနာအတိုင်း ပြည်သူ့ဆက်ဆံရေး ကဏ္ဍ၌ တရုတ်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု တိုးပွားလာကာ အနောက် တိုင်း မီဒီယာ၊ အပြည်ပြည်ဆိုင်ရာ အန်ဂျီအိုများကို ငြင်းဆန်သည့် အစဉ်အလာကို အသင့်အတင့် ကျော်လွှား လာနိုင်သည့်အချက် ဖြစ်သည်။

## အငြင်းပွားဖွယ် လက်ပံတခောင်းကဖြေးနီသတ္တုတွင်း

မတည် ရင်းနှီးမှုပြင်ငွေ ဒေါ်လာ ၁ ဘီလီယံခန့် ဆွဲဆောင်နိုင်ခဲ့သဖြင့် လက်ပံတခောင်း ကြေးနီသတ္တု စီမံကိန်း သည် "အာရှတိုက်တွင် သတ္တုတူးရှိမှ ထုတ်လုပ်သော အကြီးဆုံး ကြေးနီ စီမံကိန်း ဖြစ်သည်" ဟု အမွှမ်းတင်ခဲ့ ကြသည်။[31] လူ့မှုရေး ရင်းမြစ်တက္ကကသိုလ်၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာအရ ဖက်စပ် စာချုပ်၏ မူလပဋိဉာဉ်ချက် တွင် ဦးပိုင်ကုမ္ပဏီက စီမံကိန်းအမြတ်ငွေ၏ ၅၁ ရာခိုင်နှုန်းကို ရရှိကာ ကျန်ငွေကို ဝမ်ပေါင်က ရရှိမည်ဟု ဆိုသည် (စာချုပ်စည်းကမ်းချက်များကို ၂၀၁၃ ခုနှစ်တွင် ပြင်ဆင်ခဲ့သည်)။ မြန်မာအစိုးရမှာမူ ပုံမှန်ဝင်ငွေ အဖြစ် ခိုင်ကြေး (၄ ရာခိုင်နှုန်း)၊ ကုန်သွယ်လုပ်ငန်းခွန် (၈ ရာခိုင်နှုန်း)နှင့် ဝင်ငွေခွန် (၁၅ ရာခိုင်နှုန်း) တို့ ရရှိ မည်ဖြစ်သည်။[32] ဖက်စပ်လုပ်ငန်း၏ တစ်စိတ်တစ်ဒေသအဖြစ် (၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စီမံကိန်းကို ယာယီ မရပ်ဆိုင်းမီ) ဝမ်ပေါင်က ရန်ပုံငွေများ ထည့်ဝင်ကာ လုပ်ငန်းကို ဦးဆောင်လည်ပတ်ဆောင်ရွက်သူ ဖြစ်ပြီး ဦးပိုင်ကုမ္ပဏီကမူ မြေယာ သိမ်းယူခြင်း၊ ပြန်လည်နေရာ ချထားခြင်း၊ လျော်ကြေးပေးခြင်း စသည့် လုပ်ငန်းများကို ကူညီဖြေရှင်းပေးသည်။ ဖြစ်တန်ချလေ့လာမှု အတွက် အခြား ကုမ္ပဏီတစ်ခုအား ဝမ်ပေါင်က အလုပ်အပ်နှံခဲ့သည်။ ကြေးနီသတ္တုတွင်း၏ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ်တွင် တရားဝင် စတင်ခဲ့သည်။

### အစောပိုင်း အငြင်းပွားမှုများ ပေါ်ပေါက်လာခြင်း

လက်ပံတခောင်း ကြေးနီစီမံကိန်းကြောင့် စီမံကိန်းပတ်ဝန်းကျင်ဧရိယာ၌ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် တရုတ် ရင်းနှီးမြှုပ်နှံသူများအကြား မြေယာအခွင့်အရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု စွပ်စွဲချက်များနှင့် အခြား အငြင်း ပွားမှုများနှင့် စပ်လျဉ်း၍ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ပဋိပက္ခများ ပိုမို ပြင်းထန်လာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အဆိုအရ ဝမ်ပေါင်ကုမ္ပဏီက ပထမဦးစွာ မြေ ၇၈၆၇ ဧက ခန့် ရယူမည်ဟု ဆိုသော်လည်း အမှန်တကယ်တွင် ၆၇၈၅ ဧကသာ ရယူ၍ မြေအချို့ကို ပြန်လည် ပေးအပ်ခဲ့ သည်။[33] စီမံကိန်းသည် ကျေးရွာ ၃၀ မှ လူဦးရေ ၁၆၇၀၀ ခန့်ကို ထိခိုက်စေခဲ့သည်ဟု ဆိုသည်။[34] ရွှေ့ပြောင်း ပေးရန် ငြင်းဆိုသည့် သို့မဟုတ် လျော်ကြေးကို လက်မခံသည့် ရွာသားများကြောင့် နှစ်ပေါင်း အတန်ကြာ နှောင့်နှေးနေခဲ့ပြီးနောက် ဆယ်တဲ ရွာသား အများစုက ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည် နေရာချထားမှု အစီအစဉ်ကို သဘောတူ လက်ခံခဲ့သော်လည်း[35] အချို့ရွာသားများက လက်မခံဘဲ ဆက်လက် ငြင်းဆန် နေဆဲ ဖြစ်သည်။[36]

မြေယာ အတင်းအကျပ် သိမ်းယူကြောင်း စွပ်စွဲမှုများနှင့် ပြန်လည်နေရာချထားရေး စည်းကမ်းသတ် မှတ်ချက် များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမရှိမှုများမှာ ဆန္ဒပြမှုဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းများ ဖြစ်သည်။ အပြည်ပြည် ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ သတင်းများ အပါအဝင် အစီရင်ခံစာပေါင်းများစွာသည် ထိခိုက်နစ်နာခဲ့ သော ဒေသခံများနှင့် မြန်မာ စစ်အစိုးရက ယင်းကာလအတွင်း အပြည့်အဝ ညှိနှိုင်းမှုများ မရှိခဲ့ကြောင်း ညွှန်ပြနေသည်။[37] ဝမ်ပေါင်ကုမ္ပဏီက မြေယာလျော်ကြေးပေးရန် ကမ်းလှမ်းခဲ့သော်လည်း တစ်လုံးတခဲ တစ်ကြိမ် တည်း ငွေသားပေးချေမှုမှာ တခြား အလုပ်ရှာရန် ခက်ခဲသည့် ရွာသားများအတွက် ရေရှည်ရပ်တည်နိုင်မည် မဟုတ်ပေ။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ အစီရင်ခံစာအရ အချို့ရွာသားများ မှာ (မြေယာကို

အပြီးအပိုင် သိမ်းယူခြင်းမဟုတ်ဘဲ) ပျက်စီးဆုံးရှုံးရသည် သီးနှံများအတွက်သာ လျော်ကြေး ပေးခြင်း ဖြစ်ကြောင်း မိုနွယ်အာဏာပိုင်များ၏ လှည့်စားခြင်းကို ခံခဲ့ရသည်ဟု ဆိုသည်။ အပြီးသတ် ထွက်ရှိ လာသည့် ပဋိညာဉ် ပြဋ္ဌာန်းချက်များအရ မိမိတို့ ပိုင်ဆိုင်သည့်မြေများကို (တစ်ခါတစ်ရံ မည်သည့် ဖြေရှင်း ချက်မျှ မပေးဘဲ) စွန့်လွှတ်ရမည်ဖြစ်ကြောင်း နောက်ပိုင်းမှ ရွာသားများ သိရှိလာရသည့်အခါ လျော်ကြေး ပမာဏမှာ လုံလောက်မှုမရှိဟု နားလည်လာကြသည်။ သို့အတွက် ရင်းနှီးမြှုပ်နှံသူထံမှ နောက်ထပ် လျော်ကြေးများ ပေးအပ်ရန် ရွာသားများက တောင်းဆိုခဲ့ကပြီး ယင်းသို့ တောင်းဆိုမှုမှာ အခြေအမြစ်မရှိ ဟု ဝမ်ပေါင်က ယူဆခဲ့ပုံရသည်။[38] ရွာသား အများအပြား စီမံကိန်းနေရာမှ ထွက်ခွာသွားကြသော်လည်း အချို့ မှာမူ ဆက်လက် နေထိုင်နေကြသည်။ ထိုသို့ ဆက်လက် နေထိုင်နေသော ရွာသားများအနက် အချို့ မှာ မိမိတို့ လယ်မြေများကို ဝင်ထွက်ခွင့် ရှိနေသော်လည်း စီမံကိန်းအတွက် ခံစည်းရိုးခတ်သည့်အထဲ ပါဝင်သွားသော မြေယာများ၏ ပိုင်ရှင်ဖြစ်သူ ရွာသားများမှာမူ မိမိတို့ မြေယာထဲ ဝင်ထွက်သွားလာနိုင် ခြင်း မရှိသည့်အတွက် အဆိုပါ ရွာသားများက စီမံကိန်းကို ဆက်လက်ဆန့်ကျင် ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။

ထို့အတူ အခြားပြဿနာများလည်း ပေါ်ပေါက်လာခဲ့သည်။ စီမံကိန်းကို လက်လွှဲယူပြီးနောက် ဝမ်ပေါင် ကုမ္ပဏီ သည် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်နိုင်ချေ ဆန်းစစ်မှုများကို ပြန်လည် ဆောင်ရွက်ခြင်းမရှိ ဘဲ[39] ယခင် စီမံကိန်းပိုင်ရှင်များ၏ ဆန်းစစ်ချက်အစီရင်ခံစာကိုသာ လက်ခံခဲ့သည်။ ဘုရားစေတီများ အပါအဝင် ယဉ်ကျေး မှုနှင့် ဘာသာရေးအရ အရေးပါသော နေရာများ ထိခိုက်ခဲ့ရသည်။ လယ်တီ ဘုန်းကြီးကျောင်း အဖယ်ရှားခံရ ခြင်းက အဆိုပါကျောင်းကို အရေးကြီးသော အထိမ်းအမှတ်နေရာဟု မှတ်ယူထားသည့် ဒေသအတွင်းရှိ ဘုန်း တော်ကြီးများ၊ ရွာသားများကို ဒေါသဖြစ်စေခဲ့ပြီး[40] စီမံကိန်းကို ဆန့်ကျင်နေသည့် ဒေသခံများ၏ နာကျည်းမှု မှာ ပိုမို ပြင်းထန်လာခဲ့သည်။ သတ္တုတွင်းအနီး၌ မူလ ဘုရားစေတီထက် ပိုကြီးသော စေတီတစ်ဆူကို ဝမ်ပေါင် က တည်ဆောက်ပေးခဲ့သော်လည်း[41] ဘုန်း တော်ကြီးများမှာ နောက်ပိုင်း ဆန္ဒပြပွဲများ၌ ဆက်လက် ပါဝင်နေ ဆဲ ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဘုန်း တော်ကြီးများ၏ လူမှုရေးသြဇာလွှမ်းမိုးမှု ကြီးမားသည့်အတွက် ဆန္ဒပြပွဲ တွင် ဘုန်းတော်ကြီးများ ပါဝင် မှုက အခြား ဒေသခံ အများအပြား၏ ထောက်ခံမှုကို ရရှိလာစေခဲ့သည်။

ပြည်တွင်း မိတ်ဖက် (ဦးပိုင်ကုမ္ပဏီ)နှင့် ဆားလင်းကြီးမြို့နယ် ခေါင်းဆောင်များအပေါ် ဝမ်ပေါင်၏ အလွန် အမင်း မှီခိုခဲ့မှုကြောင့်[42] ပြည်တွင်းဝေဖန်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းရန် ပျက်ကွက် ခဲ့ရသည်။ မှန်ကန်စွာ ညှိနှိုင်းတိုင်ပင်ခြင်းမရှိဘဲ မြန်မာအစိုးရ၏ မြေယာအတင်းအကြပ် သိမ်းယူခဲ့မှုက ဒေသခံ အများ အပြား၏ အမြင်၌ ဝမ်ပေါင်ကုမ္ပဏီပုံရိပ်ကို ထိခိုက်စေခဲ့သည်။[43] မြန်မာ့ဒီမိုကရေစီ တံခါးပွင့်လာချိန်အတွင်း ကြီးထွားလာသည့် လူမှုအဖွဲ့အစည်းများကြောင့် စီမံကိန်းအပေါ် လူထု ဆန့်ကျင် မှုများ ဖြစ်ပေါ်လာခဲ့သည်။ အဆိုပါ သတ္တုတွင်း စီမံကိန်းကို ဆန့်ကျင်ဆန္ဒပြမှုများမှာ ၂၀၁၂ ခုနှစ် မတ်လတွင် ကျယ်ကျယ်ပြန့်ပြန့် စတင် ပေါ်ပေါက်လာပြီး ဩဂုတ်လအတွင်း ပိုမို ပြင်းထန်လာသည်။ ဘုန်းတော်ကြီး၊ လယ်သမားနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းသူများ ဦးဆောင်သည့် လူထုဆန္ဒပြမှု အား စစ်အစိုးရ၏ ပထမဆုံး တုံ့ပြန်မှုမှာ လုံခြုံရေးတပ်ဖွဲ့အင်အား ကြီးကြီးမားမားဖြင့် ဖြိုခွဲ နှိမ်နင်းခြင်း ဖြစ်သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် ဆန္ဒပြသူများနှင့် အခြေအနေထိန်းသိမ်းရန် စေလွှတ် သည့် ရဲတပ်ဖွဲ့များအကြား တင်းမာမှုများ စတင် အရှိန် မြင့်လာသည်။ ဆန္ဒပြသူများ ပြလုပ်ထားသည့် အတားအဆီးများကို ရဲတပ်ဖွဲ့က ဖျက်ဆီးပြီး မီးခိုးဗုံးများဖြင့် လူအုပ်စုကို ဖြိုခွဲသဖြင့် ဆန္ဒပြသူအချို့ ဒဏ်ရာရရှိခဲ့သည်။ လက်ပံတောင်း စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာတစ်ခုအရ ထိုစဉ်က

အသုံးပြုခဲ့သော မီးခိုးဗုံးများသည် သမရိုးကျလက်နက်များဆိုင်ရာ ၁၉၈၀ ကွန်ဗင်းရှင်းကို ချိုးဖောက်သည့် တားမြစ် ဓာတုပစ္စည်းများ ပါဝင်သည်ဟု ဖော်ပြထားသည်။[44] ရွာသားများ၏ နစ်နာမှုကို ဖြေရှင်းရာ၌ နပေြည်တော်၏ အင်အားကြီးမားစွာ အသုံးပြုမှုက တင်းမာမှုများကို ဒေသအဆင့်မှ နိုင်ငံအဆင့်အထိ ကြီးထွားလာစေခဲ့ သည်။

အငြင်းပွားမှုများ ပိုမို ဆိုးဝါးလာသည့်အခါ ရွာသားများနှင့် တိုက်ရိုက်ဆွေးနွေးရေးကို ဝမ်ပေါင်ကုမ္ပဏီ က အဆိုပြုခဲ့သော်လည်း ကုမ္ပဏီ၏ မိတ်ဖက်ဖြစ်သော ဦးပိုင်က ငြင်းပယ်ခဲ့သည်။[45] ထို့အပြင် လုံခြုံရေး စိုးရိမ်ဖွယ်ရာများကြောင့် ဒေသခံ ဆန္ဒပြသူများ၊ ရွာသားများနှင့် ခပ်ကင်းကင်းနေရေန် ဝမ်ပေါင်ကို ဦးပိုင် ကုမ္ပဏီက သတိပေးခဲ့ သည်။[46] ဝမ်ပေါင်အနေဖြင့် ဖြစ်ပေါ်နေသော အခြေအနေများတွင် ပါဝင် ပတ်သက်မှု မပြုရန် ကာလတစ်ခု အထိ ဖျောင်းဖျခံခဲ့ရပြီး ထိုစဉ်က ကုမ္ပဏီမှာ ပဋိပက္ခများအား မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်နှင့် စပ်လျဉ်း၍ အဆင်သင့် မဖြစ်သေးခြင်း သို့မဟုတ် အကျွမ်းတဝင် မရှိ သေးခြင်းကြောင့်လည်း ဖြစ်သည်။[47] တရုတ်ကုမ္ပဏီ သည် ရှေ့မထွက်ဘဲ နောက်ကွယ်၌သာ မထင်မ ရှား ရပ်တည်ရင်း ဦးပိုင်နှင့် စေ့စပ်ညှိနှိုင်းပြီးနောက် ပန်ြလည် နရောချထားရန် လိုလားသည့် ရွာသား အနည်းငယ်နှင့်သာ ပူးပေါင်းဆောင်ရွက်ကာ ဆန္ဒပြသူများနှင့် ထဲထဲ ဝင်ဝင် စေ့စပ် ဆွေးနွေးရေးကို ရှောင်တိမ်းနခေဲ့သည်။

ဒေသခံလူထုနှင့် မဆက်ဆံရန် ဦးပိုင်ကုမ္ပဏီ၏ အကံပြုေချက်မှာ လူမှုရေး တင်းမာမှုများ ကြီးထွား မလာ အောင်တားဆီးကောင်း တားဆီးနိုင်ခဲ့မည့် လူထုချိတ်ဆက်ဆောင်ရွက်မှုများ မဆောင်ရွက်နိုင် အောင် ဝမ်ပေါင် အတွက် အတားအဆီး ဖြစ်စေခဲ့သည်မှာ အထင်အရှားပင် ဖြစ်သည်။ မိမိကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲပြီးဒေသခံများ၏ တုံ့ပြန်မှုကို ကောင်းစွာ နားမလည်သည့် ပြည်တွင်းမိတ်ဖက် ကုမ္ပဏီ၏ အကံပြုေချက်ကို ဝမ်ပေါင်ကလည်း လက်ခံဆောင်ရွက်ခဲ့သဖြင့် အခြေအနအေပေါ် ဝမ်ပေါင် ကုမ္ပဏီ၏ ခန့်မှန်းတွက်ဆမှု မှား ယွင်းခဲ့ရသည်။ အတိုချုံးဆိုရရင် ပြည်တွင်းမိတ်ဖက်ကုမ္ပဏီနှင့် မြန်မာအစိုးရသည် စီမံကိန်းဆိုင်ရာ မြေသိမ်း ဆည်းမှုနှင့် အရွယ်အစားကြီးမားသည့် ဆန့်ကျင်ဆန္ဒပြပွဲ များအား ယခုကဲ့သို ဆိုးဝါးစွာ ကိုင်တွယ်ဆောင်ရွက် လိမ့်မည်ဟု ဝမ်ပေါင်က မျှော်လင့်ထားခြင်း မရှိခဲ့ဟု ဆိုရမည်ဖြစ်သည်။[48]

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူထု စည်းရုံးလှုပ်ရှားမှုကြောင့် နပေြည်တော်က ၂၀၁၂ ခုနှစ် နိုဝင်ဘာလ တွင် ကြေးနီစီမံကိန်းအား ယာယီ ရပ်ဆိုင်းခဲ့ရသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် မြန်မာအစိုးရသည် သမ္မတ၏ အမိန့်အရ အဖွဲ့ဝင် ၃၀ ဦး ပါဝင်သည့် လွှတ်တော်ကော်မရှင်တစ်ခုကို ဖွဲ့စည်းခဲ့သည်။[49] အဆိုပါ ကော်မရှင်ကို ၂၀၁၅ ရွေးကောက်ပွဲ မတိုင်မီအထိ သူမ၏ ပါတီက အများစုမဲ အနိုင်မရသေးသော်လည်း ၂၀၁၂ ခုနှစ် ဧပြီလတွင် လွှတ်တော်အမတ် ဖြစ်လာသည့် အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်သည်။[50] ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ၌ ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ဆဲကာလတွင် တရုတ်လုပ်ငန်းများသည် စီမံကိန်းအတွက် စေ့စပ်ညှိနှိုင်း ရေး ကိုပြောင်းပြင်ဆင်လျက် ရှိကြသည်။ ဥပမာ စီမံကိန်း ပြန်လည်စတင်ရေး ဆွေးနွေးရန်အတွက် နော်ရင် ကိုကုမ္ပဏီဥက္ကဋ္ဌ ကျန်ကျိုကျင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ တွင် လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။[51]

## စီမံကိန်းဆိုင်ရာ စိုးရိမ်ဝေဖန်မှုများအတွက် အကန့်အသတ်ဖြင့် ပြုပြင်ပြောင်းလဲမှုများ

၂၀၁၃ ခုနှစ် မတ်လတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အထက်ဖော်ပြပါ ကော်မရှင်က အစီရင်ခံစာ တစ်ခု ထုတ်ဝေကာ စီမံကိန်းကို စည်းကမ်းချက်အသစ်များဖြင့် ပြန်လည်စတင်ရန် တောင်းဆိုခဲ့သည်။ ပြင်ဆင်ရမည့် အချက်များအဖြစ် အစုရှယ်ယာပါဝင်မှုရာခိုင်နှုန်း ပြောင်းလဲရန်၊ နေရပ်စွန့်ခွာရသော ဒေသခံ များအတွက် သင့်တော်သည့် လျော်ကြေးပေးရန်နှင့် ESIA ဆောင်ရွက်ရန်တို့ကို အကြံပြုခဲ့သည်။[52] အဆိုပါ အစီရင်ခံစာအရ စီမံကိန်း၏ ပိုင်ဆိုင်မှုရှယ်ယာများအား ပြင်ဆင်ခဲ့ရာ မြန်မာအစိုးရ၏ ရှယ်ယာမှာ ၄ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းအထိ တိုးမြှင့်၍ အများစုထိန်းချုပ်ရှယ်ယာရှင် ဖြစ်လာပြီး ဝမ်ပေါင်၏ ရှယ်ယာမှာမူ ၄၉ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဦးပိုင်ကုမ္ပဏီ၏ ရှယ်ယာမှာ ၅၁ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်း သို့လည်းကောင်း၊ အသီးသီး လျော့ကျသွားသည်။[53] ပြင်ဆင်ထားသည့် ပဋိညာဉ်စာချုပ်အရ စီမံကိန်း အသားတင်အမြတ်ငွေ၏ ၂ ရာခိုင်နှုန်းကို ကုမ္ပဏီ လူမှုရေး တာဝန်သိမှု လုပ်ငန်းများနှင့် ဒေသခံလူထု ဖွံ့ဖြိုးတိုးတက်ရေး၌ ရင်းနှီးမြှုပ်နှံရမည် ဖြစ်သည်။[54] ကော်မရှင်၏ တွေ့ရှိချက်နှင့် အကြံပြုချက်များသည် ဝမ်ပေါင် အား စီမံကိန်း ပြန်လည်စတင်နိုင်ရေး လမ်းကြောင်းရှင်း ပေးလိုက်ခြင်းပင်ဖြစ်သဖြင့် စုံစမ်းရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို ကုမ္ပဏီက လူသိရှင်ကြား ကြိုဆိုခဲ့သည်။[55]

သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ နိုင်ငံရေးခေါင်းဆောင်၏ ထောက်ခံမှုသည်ပင် လုံလောက်မှု မရှိကြောင်း သဘောပေါက်နားလည်လာသည့်အခါ ဝမ်ပေါင်သည် စီမံကိန်းအတွက် “လူမှုရေး လိုင်စင်” ရရှိရန် သို့မဟုတ် ဒေသခံလူထုထံမှ “ယုံကြည်မှုရှယ်ယာ ဝယ်ယူရန်” ဆက်လက်ကြိုးပမ်းခဲ့သည်။[56] ဝမ်ပေါင်ကုမ္ပဏီ အနေဖြင့် ကန်ထရိုက်စာချုပ် ပြင်ဆင်မှုကို လက်ခံခဲ့သည်သာမက အစဉ်အလာအရ ပြည်တွင်းမိတ်ဖက် ဦးပိုင် ကုမ္ပဏီနှင့် ဒေသ၏ မြို့နယ်အာဏာပိုင်များအပေါ် မှီခိုအားကိုးသည့် အလေ့အထကိုလည်း စွန့်လွှတ်ခဲ့သည်။ ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများအပြီးတွင် ဝမ်ပေါင်သည် ကော်မရှင်၏ အကြံပြုချက်အတိုင်း လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင် မဟာဗျူဟာများကို ပြုပြင်ပြောင်းလဲခဲ့သည်။ ထို့အတူ ဒီမိုကရေစီ တံခါးဖွင့် ကာလ အတွင်း မြန်မာနိုင်ငံရှိ တရုတ် ရင်းနှီးမြှုပ်နှံမှုများအတွက် စိန်ခေါ်မှုများလာသည့် ပတ်ဝန်းကျင်ကို တုံ့ပြန် လျက် ဝမ်ပေါင်သည် ချဉ်းကပ်မှုအသစ် အများအပြား စီမံရေးဆွဲလျက် ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက် မှု ဗျူဟာသို့ ပြုပြင် ပြောင်းလဲ ကျင့်သုံးလာခဲ့သည်။

ပထမအနေဖြင့် ဝမ်ပေါင်သည် (မြန်မာအစိုးရနှင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ တောင်းဆိုမှုအတိုင်း) ၂၀၁၂ ခုနှစ် နှောင်းပိုင်းတွင် စုံစမ်းစစ်ဆေးရေး အမှုဆောင် ကော်မတီနှင့် လူထုဆက်ဆံရေးအဖွဲ့ကို ဖွဲ့စည်းကာ ဒေသခံလူထု ချိတ်ဆက်ဆောင်ရွက်မှုကို အင်စတီကျူးရှင်း (စည်းမျဉ်းရှိသောအဖွဲ့) အသွင် စတင်တည်ထောင် ခဲ့သည်။ ဝမ်ပေါင်၏ မိခင်ကုမ္ပဏီ ဖြစ်သော နော်ရင်ကို၏ အဆိုအရ[57] မြန်မာအစိုးရနှင့် ပုံမှန် ဆက်သွယ်မှု တည်ထောင်နိုင်ရေးအတွက် မြန်မာအစိုးရအရာရှိများနှင့် ပြည်တွင်း စီးပွားရေး မိတ်ဖက်များ ပါဝင်သည့် စုံစမ်း စစ်ဆေးရေး အမှုဆောင် ကော်မတီ ဖွဲ့စည်းရန် ဝမ်ပေါင်က အားပေး တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။ နော်ရင်ကို၏ ကုမ္ပဏီ ထုတ်ပြန်ချက်အရလည်း ဝမ်ပေါင်သည် အန်အယ်ဒီ၊ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ (၁၉၈၈ တွင် တည်ထောင်သော ကျောင်းသားများ ဦးဆောင်သည့် မြန်မာ့ ဒီမိုကရေစီလှုပ်ရှားမှု)နှင့် အခြား အန်ဂျီအို များကဲ့သို့ သြဇာလွှမ်းမိုးမှုရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။[58]

ဝမ်ပေါင်သည် နဘောက်ပိုင်းတွင် လူထုဆက်ဆံရေးအဖွဲ့အား ရပ်ရွာလူမှုရေးဖွံ့ဖြိုးမှု (CSD) အဖွဲ့အဖြစ် တိုးချဲ့ဖွဲ့စည်းကာ စီမံကိန်းကို ကြီးကြပ်ရန် ဌာနတွင်း ကော်မတီတစ်ရပ်ကို တည်ထောင်ခဲ့သည်။[59] တရုတ်ကုမ္ပဏီ ၏ အဆိုအရ အဆိုပါ ကော်မတီတွင် ဝမ်ပေါင်၏ ဝန်ထမ်းများသာမက ဒေသန္တရအစိုးရ၊ ရွာသားများ၊ အန်ဂျီအို များ စသည့် အကျိုးစီးပွားသက်ဆိုင်သူ အုပ်စုများ၏ ကိုယ်စားလှယ်များလည်း ပါဝင်သည်ဟု ဆိုသည်။[60] CSD အဖွဲ့မှ တရုတ်ကိုယ်စားလှယ်များအား ရွာသူရွာသားများ၏ အကံပြုချက်ကို စုစည်းကောက်ခံရန်နှင့် ၎င်းတို့ ၏ နစ်နာချက်များကို ဖြေရှင်းပေးရန် ဝမ်ပေါင်က ကျေးရွာများသို့ ကွင်းဆင်းစေလွှတ်ခဲ့သည်။ တရုတ် ကိုယ်စားလှယ်များကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစေခြင်းအားဖြင့် ကုမ္ပဏီအပေါ် အကောင်းမြင်လာကာ ကုမ္ပဏီကိုယ်စားလှယ်များကို ဆက်သွယ်ရ ခက်ခဲကြောင်း သို့မဟုတ် ဆက်သွယ်၍ မရကြောင်း ယခင်က အဆိုးမြင်မှုများကို ဖယ်ရှားပေးနိုင်မည်ဟု ကုမ္ပဏီက ယူဆသည်။[61] ထို့အပြင် ကုမ္ပဏီ ကိုယ်စားလှယ်များ အား ထိုသို့ အိမ်တိုင်ရာရောက် စေလွှတ်ခြင်းအားဖြင့် စီမံကိန်းဆိုင်ရာ ကုမ္ပဏီ၏ ရည်မှန်းချက်များ၊ အစီအစဉ် များကို ပိုမို ရှင်းလင်း ပြောကြားနိုင်မည်ဖြစ်ကာ မလိုအပ်ဘဲ နားလည်မှု လွဲမှားခြင်း၊ မှားယွင်း ပြောဆိုမိခြင်း များကို လျှော့ချနိုင်မည်ဟုလည်း ကုမ္ပဏီက ယူဆသည်။

အဆိုပါ အစီအစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် ဝမ်ပေါင်သည် စွမ်းအင်နှင့် သယံဇာတစီမံကိန်း များ၌ အထူးပြုလုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာ အတိုင်ပင်ခံကုမ္ပဏီဖြစ်သည့် Knight Piésold အား ESIA အစီရင်ခံစာ ပြုစုရန် ၂၀၁၄ ခုနှစ်တွင် ငှားရမ်းခဲ့သည်။[62] မိမိ၏ ကတိကဝတ်ကို သက်သေထူရန် ဝမ်ပေါင်သည် နစ်နာမှုရှိသည့် ရွာသားများအား မြန်မာအစိုးရက သတ်မှတ်ထားသည့် ပမာဏထက် အဆ ၂၀ ပိုများသော လျော်ကြေးကို ပေးအပ်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ မြေယာ လျော်ကြေးအတွက် ကျပ် ၁၂.၁ ဘီလီယံ (ဒေါ်လာ ၆.၈ သန်း)ကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။[63]

ဒုတိယအနေဖြင့် ဝမ်ပေါင်သည် စုံစမ်းစစ်ဆေးရေး ကော်မရှင်နှင့် ဒေသခံလူထု၏ တောင်းဆိုမှုအတိုင်း မိမိ၏ နာမည်သတင်းပုံရိပ်ကို အဖတ်ဆယ်ရန်အတွက် CSR လုပ်ငန်းအများအပြားကို ဆောင်ရွက်ခဲ့ခြင်း ဖြစ် သည်။ မိခင်ကုမ္ပဏီဖြစ်သော နော်ရင်ကို၏ အဆိုအရ[64] ဝမ်ပေါင်သည် လူထုဆက်ဆံရေးအဖွဲ့ကို CSR ဌာန အဖြစ် ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းကာ ဒေသဖွံ့ဖြိုးရေးအတွက် CSD ရန်ပုံငွေ နှစ်စဉ် ဒေါ်လာ ၁ သန်း ထောက်ပံ့ရန် ကတိပြုခဲ့သည်။ ထို့အပြင် စုံစမ်းစစ်ဆေးရေး ကော်မရှင် အစီရင်ခံ၌ တောင်းဆိုထားသည့် အတိုင်း စီမံကိန်း၏ နှစ်စဉ်အမြတ်ငွေ၏ ၂ ရာခိုင်နှုန်းကိုလည်း အုပ်ချုပ်မှုသင်တန်း၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ရပေးဝေရေး၊ ပတ်ဝန်းကျင် ကာကွယ်ရေး၊ ဆည်မြောင်း၊ ဘာသာရေး အလှူအတမ်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အများအပြား အတွက် ဝမ်ပေါင်က သုံးစွဲသွားမည် ဖြစ်သည်။[65]

ရွာသားအချို့မှာ သတ္တုတွင်းလုပ်ငန်း၌ အလုပ်လုပ်ကိုင်ရန် မသင့်တော်ကြောင်း ဒေသခံလူထုထံမှ ကြားသိရ သည့်အခါမြေအသိမ်းခံရသည့် ရွာသားများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ကာ ဝင်ငွေ အာမခံချက် ရရှိ နိုင်ရေးအတွက် အလုပ်လက်မဲ့ လုံခြုံမှုကွန်ယက် အစီအစဉ်တစ်ခုကို ဝမ်ပေါင်က အဆိုပြုခဲ့သည်။ နော်ရင်ကို ၏ အချက်အလက်များအရ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ရွာသား ၁၀၀၀ ခန့် (ကျေးရွာ ၃၀ ကျော်မှ မြေယာ ဆုံးရှုံးခဲ့သော ရွာသားများ၏ ၈၈ ရာခိုင်နှုန်းကျော်)က အဆိုပါအစီအစဉ်ကို လက်ခံခဲ့ကပြီး စုစုပေါင်း အလုပ် လက်မဲ့ ထောက်ပံ့ကြေးငွေ ကျပ် ၅.၂ ဘီလီယံ (ဒေါ်လာ ၃.၀ သန်းခန့်) အထိ ပေးအပ်ခဲ့ပြီးဖြစ်သည်။[66] သတ္တုတွင်း၌ ပြည်တွင်း အလုပ်ခန့်ထားနိုင်မှုနှင့် စပ်လျဉ်း၍ ဝန်ထမ်း

၁၀ ဦးအနက် ၉ ဦးကျော်မှာ မြန်မာ နိုင်ငံသားများဖြစ်ကာ အလုပ်သမား ၂၅၀၀ ကျော်သည် ဒေသခံများ ဖြစ်သည်ဟု ဝမ်ပေါင်က ဆိုသည်။[67] အလားတူပင် ဝမ်ပေါင်သည် ပစ္စည်းပေးသွင်းသော အသေးစားနှင့် အလတ်စား လုပ်ငန်းများနှင့် ချိတ်ဆက်မှု တိုးမြှင့်နိုင်ရန် ဒေသ၏ ထုတ်လုပ်မှုကွင်းဆက်အချို့ကိုလည်း ဖန်တီးခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းမှ အခွင့်အလမ်းများ ပေးအပ်သည့်အပြင် CSR အဖွဲ့၏ အကဲဖြတ်ချက်အရ ၂၀၁၈ ခုနှစ်တွင် ကျွဲခံမြူများ ဖွင့်လှစ်ပေးခဲ့သလို ကျွဲခံမြူရရှိသော အမြတ်ဝစေဖြင့်[68] ရွာသားများ၏ ဝင်ငွေ ရင်းမြစ် တိုးပွားလာစေရန် ခေတ်မပြသေဇာ စီမံကိန်းတစ်ခုကိုလည်း ဝမ်ပေါင်က ဆောင်ရွက်ခဲ့သည်။

တတိယအနေဖြင့် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ၏ အရေးပါမှုကို အသိအမှတ်ပြုလျက် ဝမ်ပေါင်သည် သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန[69] အပါအဝင် ဒေသန္တရ အင်စတီကျူးရှင်းများနှင့် တက်ကြွစွာ ပူးပေါင်း လုပ်ကိုင်ရုံသာမက ပိုမို အရေးပါသည့် ဆောင်ရွက်ချက်အဖြစ် ဒေသခံလူထုက ကိုးကွယ်သော အနီးအနားမှ ဘာသာရေး အထင်ကရ ပုဂ္ဂိုလ်များထံသို့လည်း ချဉ်းကပ်ခဲ့သည်။ ဒေသယဉ်ကျေးမှုနှင့် စံနှုန်းများကို နားလည်စေရန် တရုတ်လူမျိုး ဝန်ထမ်းများအတွက် လူမှုရေးနှင့် ယဉ်ကျေးမှု သင်တန်းများ ပို့ချခဲ့သည်။[70] သင်တန်းအပြီးတွင် တရုတ်လူမျိုး ဝန်ထမ်းများသည် ဒေသခံလူထုနှင့်အတူ ဘာသာရေး အခမ်းအနားအချို့၌ ပါဝင် ဆောင်ရွက်လာကြသည်။ ထိုသို့ တက်ကြွစွာ ချိတ်ဆက်နိုင်မှုများနောက်ပိုင်း တွင် ထင်ရှားသော ဗုဒ္ဓ ဘာသာ ဘုန်းတော်ကြီးအဖွဲ့တစ်ခုက လယ်တီ ဘုန်းကြီးကျောင်းရွှေ့ပြောင်း ရေးကို သဘောတူလာခဲ့ပြီးသတ္တုတွင်းစီမံကိန်းအား အဓိက ကန့်ကွက်နမှုတစ်ခုကို ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့သည်။[71]

နောက်ဆုံးအနေဖြင့် ဒေသခံများ၏ တောင်းဆိုမှုကို လိုက်လျော၍ ပွင့်လင်းမြင်သာမှု တိုးတက်စေရန် ချိုင်းနား-အိုင် ဟုခေါ်သော ရှန်ဟိုင်းအခြေစိုက် စွန့်စားရမှုဆိုင်ရာ အကဲဖြတ်အတိုင်ပင်ခံအဖွဲ့ကို ငှားရမ်း ကာ လူထုတွေ့ဆုံဆွေးနွေးမှုများ ကျင်းပခဲ့ခြင်းဖြစ်သည်။ ချိုင်းနား-အိုင် အဖွဲ့၏ အကဲဖြတ်ချက်အရ ဝမ် ပေါင်သည် တရုတ်ကုမ္ပဏီနှင့် ဒေသခံလူထုအကြား ပိုမိုခိုင်မာသည့် ဆက်ဆံရေး တည်ဆောက်ရန် အခြားနည်းလမ်း တစ်ခုအဖြစ် ထိခိုက်နစ်နာခဲ့သော ရွာသားများအတွက် ပုံမှန်ဝင်ငွေ ပေးအပ်မည့် “ထည့်ဝင်ကူညီမှု အစီ အစဉ်”[72] ဟု ခေါ်ဆိုသော စီမံချက်တစ်ခုကို စတင် ဆောင်ရွက်ခဲ့သည်။ (အစီအစဉ် နှစ်ခုမှာ မတူညီကြောင်း ဖော်ပြချက်များ ရှိသော်လည်း ဤထည့်ဝင်ကူညီမှု အစီအစဉ်သည် အထက်တွင် ဖော်ပြခဲ့သော အလုပ်လက်မဲ့ ထောက်ပံ့ရေး အစီအစဉ်နှင့် မည်သို့ ဆက်စပ်နေသည်မှာ မရှင်းလင်းပါ။) ဝမ်ပေါင်သည် ထည့်ဝင်ကူညီမှု အစီ အစဉ်အတွက် အာရုံသစ်ဟူသော မှတ်တမ်းတင် ဇာတ်လမ်းတစ်ပုဒ် ကို ၂၀၁၆ ခုနှစ် ဧပြီလက ထုတ်လွှင့်ခဲ့ သည်။[73]

မြန်မာနိုင်ငံတွင် ဒေသခံ အရပ်ဘက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပြည်ပ ရင်းနှီးမြှုပ်နှံသူများက စံနှုန်းအဖြစ် လိုက်နာစေမည့် နိုင်ငံရေးနှင့် စီးပွားရေး တံခါးဖွင့်ဝါဒကို ပြောင်းလဲ ကျင့်သုံးလာကြောင်း သိရှိ နားလည်လျက်[74] ဝမ်ပေါင်က ESIA တွေ့ရှိချက်များကို သတင်းထုတ်ပြန်ခဲ့သလို တရုတ်နိုင်ငံ၌ ဖေ့စ်ဘွတ်ကို ပိတ်ပင်ထားလင့်ကစား မြန်မာဒေသခံလူထုနှင့် ချိတ်ဆက်မှု မြှင့်တင်နိုင်ရန် ဖေ့စ်ဘွတ် စာမျက်နှာ တစ်ခုကို ပင် ဖန်တီးခဲ့သည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ ဝမ်ပေါင်သည် CSR အစီရင်ခံစာကို အင်္ဂလိပ်/မြန်မာ နှစ်ဘာသာ ဖြင့် ထုတ်ဝေကာ စီမံကိန်းဆိုင်ရာ အချက်အလက်များကို တရားဝင် ဝဘ်ဆိုဒ် အပြင် ဝီချက်၊ ဖေ့စ်ဘွတ်၊ ယူကျုဘ် နှင့် အခြား အွန်လိုင်းစာမျက်နှာများမှလည်း ထုတ်ပြန်ပေးခဲ့ သည်။[75]

ပင်လယ်ရပ်ခြား၌ လုပ်ငန်းဆောင်ရွက်နေသော တရုတ်ကုမ္ပဏီများမှာ အစဉ်အလာအားဖြင့် ပြည်ပမီဒီယာ များနှင့် ဆက်ဆံလေ့မရှိဘဲ တိတ်တိတ်ဆိတ်ဆိတ် မထင်မရှားသာ ရပ်တည်လေ့ရှိကြသော်လည်း ဝမ်ပေါင် သည် ဧရာဝတီ၊ မဇ္ဈိမသတင်း စသည့် ထင်ရှားသော ပြည်တွင်းမီဒီယာများအပြင် Economist ကဲ့သို့ နိုင်ငံ တကာ မီဒီယာများနှင့်ပါ တက်ကြွစွာ အလေးပေး ဆက်သွယ် ဆောင်ရွက်ခဲ့သည်။[76] ထို့ အပြင် တိုင်ကြားမှု၊ စွပ်စွဲမှုများအတွက် ယခင်ကကဲ့သို့ ရင်ငုံနှုတ်ပိတ် မနေတော့ဘဲ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန် ပြည်ထောင်စု အခြေစိုက် ကမ္ဘာ့စီးပွားရေးကဏ္ဍ လူ့အခွင့်အရေး လုပ်ရှားဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာ အန်ဂျီအို တစ်ခုဖြစ်သော စီးပွားရေးနှင့် လူ့အခွင့်အရေး ရင်းမြစ်စင်တာ ကဲ့သို့ အဖွဲ့အစည်းများ၏ ရေးသား ဖော်ပြချက်များကို ဝမ်ပေါင်က တိုက်ရိုက် တုံ့ပြန် ဖြေကြားလာခဲ့သည်။

အထက်ပါ ကိုးပြမ်းမှုအမျိုးမျိုးက ဝမ်ပေါင်သည် ပြည်တွင်းမိတ်ဖက်များ၏ လိုအပ်ချက်နှင့် သတ္တုတွင်းဒေသခံလူထု၏ တောင်းဆိုချက်များကို ချိန်ခွင်လျှာညှိရင်း ပြောင်းလဲလာသည့် ပြည်တွင်း အခြေအနေများနှင့် အညီ လိုက်လျောညီထွေ ရွေးချယ်ပုပြင်ပြောင်းလဲခဲ့ကြောင်း ညွှန်ပြနေသည်။ ဒေသခံလူထုချိတ်ဆက်ဆောင်ရွက်မှုကို တစ်နှစ်ကျော် ဆောင်ရွက်ပြီးနောက် ၂၀၁၄ ခုနှစ်တွင် ဝမ်ပေါင်က စီမံကိန်းကို ပြန်လည်စတင်ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ၌ ဆန္ဒပြပွဲများ တစ်ဖန် ပြန်လည် ဖြစ်ပွားလာသည်။ ထို ဆန္ဒပြပွဲများကြောင့် ရပ်နားခဲ့ရသည့် စီမံကိန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် ပြန်လည်စတင်ခဲ့သည်။ လက်ပံတောင်း ကြေးနီသတ္တုစီမံကိန်း၏ လုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ်လ၌ စတင်လည်ပတ်ခဲ့သည်။[77] လက်ပံတောင်း စီမံကိန်းတွင် ရပ်ရွာလူထုနှင့် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်မှု ဗျူဟာက အပြောင်းအလဲ အမှန်တကယ် ဖြစ်စေခဲ့ပုံရသည်။ ၂၀၁၇ ခုနှစ် အရောက်တွင် ဝမ်ပေါင် ကြေးနီ သတ္တုတွင်းအနီး ဆန္ဒပြမှုများမှာ ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အကြား ဖြစ်ပွားခဲ့မှု များနှင့် နှိုင်းယှဉ်ပါက အရွယ်အစားအရကော အကြိမ်ရေအရပါ လျော့နည်းလာကြောင်း လူမှုရေး အရင်းအမြစ် တက္ကသိုလ်၏ အစီရင်ခံစာအရ သိရှိရသည်။[78] သို့ရာတွင် သတ္တုတွင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသော်လည်း မြေယာ သိမ်းဆည်းမှု၊ ပြန်လည်နေရာချမှု၊ လျော်ကြေးစည်းကမ်းချက်များ စသည်တို့နှင့် စပ်လျဉ်း သည့် ဆန္ဒပြပွဲများမှာ ၂၀၁၆ နှင့် ၂၀၂၀ ပြည့်နှစ်အကြား ကိုကြားကိုကြား ဖြစ်ပေါ်နေခဲ့သည်။ အာဏာ မသိမ်းမီ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ဆယ်တဲကျေးရွာသားအချို့နှင့် ပြန်လည်နေရာချထားမှု ညှိနှိုင်းပွဲကို ဝမ်ပေါင်က အပြီးသတ်နိုင်ခဲ့သည် (သို့သော် အချို့ လယ်သမားများက လျော်ကြေးပမာဏကို လက်မခံကြသေးပေ)။[79] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းမှုအပြီး လူထုအုံကြွလှုပ်ရှားမှုတွင် စီမံကိန်း အလုပ်သမား များ ပါဝင်မှုကြောင့် စီမံကိန်းမှာ အခိုက်အတန့် ရပ်နားခဲ့ရသည် (သို့သော် နောက်ဆုံးတွင် လုပ်ငန်းများ ပြန်လည် လည်ပတ်ခဲ့သည်)။[80]

## လက်ပံတောင်း ကြေးနီသတ္တုတွင်း လူထုနှင့်ချိတ်ဆက်ဆောင်ရွက်မှုမှ သင်ခန်းစာများ

သတ္တုတွင်းစီမံကိန်း ပြန်လည်စတင်နိုင်ခြင်းမှာ ဝမ်ပေါင်၏ လူထုနှင့်ချိတ်ဆက်ဆောင်ရွက်မှု ဗျူဟာ တစ်ခု တည်းကြောင့် စွမ်းဆောင်နိုင်ခဲ့ခြင်း မဟုတ်သည်မှာ သံသယဖြစ်ဖွယ် မရှိပါ။ တရုတ်နှင့် မြန်မာ အစိုးရများ၊ နိုင်ငံရေး ခေါင်းဆောင်များကလည်း ထိုသို့ ပြန်လည်စတင်နိုင်အောင် တွန်းအားပေးခဲ့ကြသည်။ ဘကျောင်း သည် ထိုစဉ်က မြန်မာ စစ်အစိုးရသာမက နောက်ပိုင်း အရပ်သားအစိုးရနှင့်ပါ ကျင်းပ

သည့် အဆင့်မြင့်အစိုးရ အရာရှိ အစည်းအဝေးများ၌ ကဖြေးနီစီမံကိန်းအပေါ် ၎င်းတို့၏ အားပေးထောက်ခံမှုကို လူသိရှင်ကြား ပြောဆို ခဲ့သည်။ ဆန္ဒပြသူအချို့ စိတ်ပျက်ခဲ့ရပြီး ဆန္ဒပြပွဲငယ်လေးများ ဆက်လက် ပြုလုပ်နေကြောင့်ကစား စီမံကိန်း ၏ အနာဂတ်ကို ဆုံးဖြတ်ရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ထောက်ခံမှုက အထူး အရေးကြီးသော အခန်း ကဏ္ဍမှ ပါဝင်ခဲ့သည်။[81]

သို့သော် လက်ပံတောင်း ကဖြေးနီသတ္တုတွင်းဖြစ်ရပ်သည် မြန်မာနိုင်ငံ၌ ပြည်တွင်းလူမှုအဖွဲ့များ၏ အခန်း ကဏ္ဍသစ်တစ်ရပ် ဖြစ်ထွန်းလာပါဖြစ်ကြောင်း ပြသနေသည်။ တိုင်းပြည်၏ ဒီမိုကရေစီတံခါး ပွင့်လာသည့် အတွက် လူမှုအဖွဲ့များက မြန်မာ့နိုင်ငံရေး ဘာဂေဇဒေ ဆုံးဖြတ်ချက်များအပေါ် သြဇာလွှမ်းမိုးလာသည်နှင့် အမျှ ယခင်က အားကောင်းသော ဒေသန္တရ အင်စတီကျူးရှင်းများနှင့်သာ နီးကပ်စွာ အလုပ်လုပ်ခဲ့သည် တရုတ်ကုမ္ပဏီသည် ရွေးချယ်ကျင့်သုံးသည့် နည်းလမ်းဖြင့် ဒေသခံအဖွဲ့များ၏ လိုလားချက်ကို တုံ့ပြန်ရန် ဗျူဟာပြောင်းလဲလာခဲ့ခြင်း ဖြစ်သည်။ လက်ပံတောင်းဖြစ်ရပ်တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ ရွာသား များ၊ တက်ကြွလှုပ်ရှားသူများ၊ ဆန္ဒပြသူများ စသည့် ဒေသခံ လူမှုအဖွဲ့များက ၎င်းတို့၏ မျှော်မှန်းချက်၊ လိုလား ချက်များနှင့်ကိုက်ညီသည့် မဟာဗျူဟာများ ပြောင်းလဲ ကျင့်သုံးလာစအောင် ဝမ်ပေါင်အား တွန်းအား ပေးခဲ့ ကြသည်။

ပထမဦးစွာ ဝမ်ပေါင်ကုမ္ပဏီက မိမိ၏ မူလမိတ်ဖက် ဦးပိုင်အပေါ် မှီခိုမှု လျှော့ချ၍ လူထုချိတ်ဆက်မှု အတွက် ဒေသခံများ၏ လိုလားချက်ကို ပိုမို လိုက်လျောကာ ပြည်တွင်းလူမှုအဖွဲ့များသာမက နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့များထံမှပါ အကြံဉာဏ်များရယူပြီး မိတ်ဖက်အဖွဲ့အရေအတွက် တိုးပွားလာအောင် စတင် ဆောင်ရွက်ခဲ့သည်။ အလားတူပင် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံတွင် ရင်းနှီးမြှုပ်နှံထား သော တရုတ်ပိုင် CITIC ကုမ္ပဏီအုပ်စု (ယခင် တရုတ် အပြည်ပြည်ဆိုင်ရာ ယုံကြည်အပ်နှံ ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း) ဦးဆောင်သည့် အဖွဲ့ကလည်း လူထုချိတ်ဆက်ဆောင်ရွက်မှုကို အထောက်အကူပြုရန် အတွက် “တာဝန်ရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မြန်မာစင်တာ” အပါအဝင် မြန်မာနိုင်ငံရှိ ပြည်တွင်း အန်ဂျီအိုများအား အလားအလာရှိသော မိတ်ဖက်များအဖြစ် ဆက်သွယ် ဆောင်ရွက်လာသည်။[82] ထို့အတူ တရုတ်-မြန်မာ ရနံ့နှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၌ ရင်းနှီးမြှုပ်နှံထား သော တရုတ် အမျိုးသား ရနံ့ ကော်ပို ရေးရှင်း (စီအင်ပီစီ) ဟုခေါ်သည့် တရုတ်စွမ်းအင်ကုမ္ပဏီကြီးကလည်း မြန်မာနိုင်ငံ၌ ကုမ္ပဏီလူမှုရေး တာဝန် သိမှု လုပ်ငန်းများအတွက် ဒေါ်လာ ၂၇ သန်းကျော် သုံးစွဲခဲ့သည့်အပြင်[83] နိုင်ငံအတွင်းရှိ တရုတ်လူမျိုး ဝန်ထမ်းများအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် လူမှုရေးပညာပေးသင်တန်းများကို ပုံမှန် ပို့ချပေးလျက်ရှိသည်။[84] ထပ်မံ ဖြစ်ပွားလာသည့် တရုတ် ရင်းနှီးမြှုပ်နှံမှုများအား ဆန့်ကျင်ဆန္ဒပြမှုများ၏ ဖိအားကြောင့် စီအင်ပီစီ သည် စီပွားရေးနှင့် လူ့အခွင့်အရေး ရင်းမြစ်စင်တာနှင့် ဆက်သွယ်ဆောင်ရွက်လာရသည်ဟု သတင်းရရှိ သည်။[85]

ဒုတိယအနေဖြင့် ပိုမိုတင်းကပြသော ပြည်တွင်း စည်းကမ်းထိန်းသိမ်းမှုနှင့် စံနှုန်းများ အပါအဝင် နိုင်ငံ၏ ကြီးကြပ်ထိန်းသိမ်းမှု ပတ်ဝန်းကျင်၌ နိုင်ငံရေးအပြောင်းအလဲနှင့် လူအပြောင်းအလဲ အကြောင်းရင်းများ ပေါင်းစပ်၍ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေသော တရုတ်စီးပွားရေး လုပ်ငန်းများမှာ နည်းလမ်း ပြောင်းလဲကျင့်သုံးလာသည်။[86] ထိုအပြောင်းအလဲမှာ လက်ပံတောင်း ကဖြေးနီစီမံကိန်းတစ်ခုထဲတွင် ဖြစ်ပွားခဲ့ ခြင်း မဟုတ်ပေ။ ဥပမာ အန်အယ်ဒီအစိုးရ၏ မတော်တာရပ်ခံချက်အရ တကာင်း နီကယ် သတ္တုတွင်း၌ လုပ်ငန်း ဆောင်ရွက်နေသော တရုတ်အစိုးရပိုင် “တရုတ် သံမဟုတ်သော သတ္တု လုပ်ငန်း” ကလည်း နိုင်ငံစုံ စံသတ်မှတ် ရေး EITI လုပ်ငန်းများ၌ ပူးပေါင်း ပါဝင်ဆောင်ရွက်လာခဲ့သည်။[87]

တတိယအနေဖြင့် ပြည်တွင်း လူမှုအဖွဲ့များ၏ လိုလားချက်ကို တစ်စိတ်တစ်ပိုင်း တုံ့ပြန်သည့်အနေဖြင့် တရုတ်လုပ်ငန်းများက အစုရှယ်ယာခွဲဝေမှုပုံစံကို ပုံပြင်၍ ပြည်တွင်း မိတ်ဖက်များအား ရှယ်ယာ ပိုမို ပေးအပ် ခြင်း၊ သက်ဆိုင်ရာ စီမံကိန်း၌ ပြောရေးဆိုခွင့် ပိုမိုပေးအပ်ခြင်းများ ဆောင်ရွက်၍ လိုက်လျောလာခြင်း ဖြစ် သည်။ ဥပမာ လက်ပံတောင်း ကြေးနီ စီမံကိန်း၌ မိမိ၏ ရှယ်ယာ ပမာဏကို လျှော့ချရန် ဝမ်ပေါင်၏ သဘောတူ လိုက်လျောခဲ့မှုကို ကြည့်ရှုနိုင်သည်။ အလားတူပင် ၂၀၁၈ ခုနှစ်၌ တရုတ်အစိုးရနှင့် CITIC ကုမ္ပဏီ အုပ်စုက ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံ၏ စီမံကိန်း အရွယ်အစားကို လျှော့ချပြီး မြန်မာ အဖွဲ့၏ ရှယ်ယာ ပါဝင်မှုကို တိုးမြှင့်ပေးရန် သဘောတူခဲ့သည်။[88]

လက်ပံတောင်း ကြေးနီသတ္တုစီမံကိန်းမှ တရုတ်လုပ်ငန်းများ တွေ့ကြုံခဲ့သည့် နောက်ထပ်အရေးကြီးသော သင်ခန်းစာ တစ်ခုမှာ ၎င်းတို့ နိစ္စဓူဝ အလုပ်လုပ်နေသော လူမှုအသိုင်းအဝန်း၌ ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု အစဉ် အလာ၏ အရေးကြီးမှုကို မြန်မာနိုင်ငံရှိ တရုတ်ကုမ္ပဏီများက လေးစား လက်ခံလာရခြင်း ဖြစ်သည်။ ဤအချက်သည် မြန်မာပြည်တွင်း လိုလားချက်ကို ပိုမို နက်ရှိုင်းစွာ တိုက်ရိုက် လိုက်ပါဆောင်ရွက်ခြင်း ဖြစ် သည်။ အကြောင်းမှာ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ အသိုင်းအဝိုင်းများနှင့် ဆက်ဆံခြင်းသည် တရုတ် ကုမ္ပဏီများ၏ အစဉ်အလာ မဟုတ်သောကြောင့် ဖြစ်သည်။ ထိုသို့ အစဉ်အလာ မဟုတ်ရခြင်းမှာလည်း တရုတ်လုပ်ငန်းရှင်များ အထူးသဖြင့် တရုတ်အစိုးရပိုင် လုပ်ငန်းများ၏ မန်နေဂျာများမှာ တရုတ်ကွန်မြူနစ် ပါတီဝင်များ ဖြစ်ကြပြီး ၎င်းတို့မှာ ဘာသာမဲ့များ ဖြစ်ကြရာ ဘာသာရေး လှုပ်ရှားမှုများ၌ ပါဝင်မှုကို တရုတ် ကွန်မြူနစ်ပါတီက တားမြစ်ထားသည်။[89] ယခု ပြည်တွင်းစံနှုန်းများနှင့် ကိုက်ညီရေး အကူအညီရရှိရန် တရုတ် ကုမ္ပဏီများက အပြည်ပြည်ဆိုင်ရာ အန်ဂျီအိုများ၊ ပြည်တွင်း အန်ဂျီအိုများ၊ အစိုးရအရာရှိများ အပါအဝင် ပိုမို အမျိုးအစား စုံလင်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လာသည့်အခါ ကုမ္ပဏီ အခမ်း အနားများသို့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ဖိတ်ကြားခြင်းကဲ့သို့ ပြောင်းလဲမှုမျိုးဖြင့် မြန်မာနိုင်ငံရှိ ဘာသာ ရေး အခန်းကဏ္ဍအပေါ် လေးစားမှုများ ပြသလာကြသည်။[90]

သို့တိုင်အောင်လည်း ကုမ္ပဏီ၏ လူထုချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ်တစ်ခုတည်းက မြန်မာဒေသခံများနှင့် ပေါင်းကူး တံတားထိုးရန် မလုံလောက်ကြောင်း တရုတ်ကုမ္ပဏီများက သိနားလည်ကြသည်။ တရုတ်လုပ်ငန်း များသည် အိမ်ရှင်နိုင်ငံရှိ စီမံကိန်းဒေသမှ လူထုနှင့် ထိထိရောက်ရောက် ပြောဆိုဆက်သွယ်နိုင်ရေး တရုတ် အန်ဂျီအိုများ၏ အကူအညီကိုလည်း ရယူခဲ့သည်။ မြန်မာကဲ့သို့ နိုင်ငံများတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုအပေါ် အယုံအကြည် မရှိကြသဖြင့် တရုတ် အစိုးရမဟုတ်သော အဖွဲ့များသည် တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်းလျက် ဒေသ၏ ယဉ်ကျေးမှု စံနှုန်းများ၊ ဘာသာရေးအစဉ်အလာများ၊ စီးပွားရေးအလေ့အထများကို နားလည်စေရန် နှစ်ဖက် ယဉ်ကျေးမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု၌ ရင်းနှီးမြှုပ်နှံပြီး ဒေသခံလူထုနှင့် ဆက်ဆံမှု ကောင်းမွန်ရေး ဆောင်ရွက်ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ တရုတ်အန်ဂျီအိုများသည် အကံပြုပေးခြင်း၊ သင်တန်းပေးခြင်း၊ လူထု ဖွံ့ဖြိုးမှု အကူအညီပေးခြင်း၊ ပညာပေးခြင်း စသည့် ကြားခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည်။ ဥပမာ အကျိုးအမြတ် အတွက် မဟုတ်သော တရုတ် သုတေသနအဖွဲ့ ဖြစ်သည့် လူမှုရေးရင်းမြစ်တက္ကသိုလ်က လက်ပံတောင်း ကြေးနီစီမံကိန်းဆိုင်ရာ အငြင်းပွားမှုများကို အသေးစိတ် ကွင်းဆင်း သုတေသနပြု၍ ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော “မြန်မာနိုင်ငံရှိ တရုတ်၏ တိုက်ရိုက် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ”[91] အစီရင်ခံစာသည် ကြေးနီသတ္တုတွင်း၏ အကျိုးစီးပွားသက်ဆိုင်သူများ၊ လေ့လာသူများ အား ပင်လယ်ရပ်ခြား ဖွံ့ဖြိုးရေး စီမံကိန်းများ၌ တရုတ်လုပ်ငန်းများ ရင်ဆိုင်နရေသည့် အန္တရာယ်များ၊ စိန်ခေါ် မှုများကို ပိုမို နားလည်

စအေခင် အထခောက်အကူ ပုခြွသည်။ ယင်းအခြေအနေများ ပေါင်းစပ်လျက် နောက်ဆုံးတွင် မြန်မာနှင့် တရုတ် အန်ဂျီအိုများက ကွန်ယက်တစ်ခုကို အတူတကွ တည်ဆောက်၍ နိုင်ငံတွင်း လူထုနှင့်ချိတ်ဆက် ဆောင်ရွက်မှု ဗျူဟာများအတွက် တရုတ်လုပ်ငန်းများ၊ တရုတ်အစိုးရအဖွဲ့များကို အကူ အညီပေးလျက် ရှိကြသည်။

## ဖြစ်ပွားနေဆဲ အငြင်းပွားမှုများနှင့် ရှုပ်ထွေးချယ်လိုက်လျောမှု၏ ကန့်သတ်ချက်များ

သို့တိုင်အောင်လည်း ဝမ်ပေါင်၏ လူထုဆက်ဆံရေးကြိုးပမ်းမှုမှာ ရောဂါမှန်သမျှ တမဟုတ် အလွယ်တကူ ပျောက်ကင်းအောင် အစွမ်းထက်သည့် “ပျောက်စေ” ဆေးတစ်လက်ကား မဟုတ်ခဲ့ပေ။ ဒေသ အခြေအနေများ နှင့် လိုက်လျောညီထွေဖြစ်အောင် တရုတ်တို့၏ ပုပြင်ပြောင်းလဲခြင်းကြောင့် အဆိုပါ စီမံကိန်းများ၏ တင်းမာ မှု၊ ပဋိပက္ခများ အလုံးစုံ ချုပ်ငြိမ်းသွားခြင်း မရှိပါ။ လက်ပံတောင်း ကြေးနီတွင်း ကို ဆန့်ကျင်သည့် အငြင်း ပွားမှု၊ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်ဆဲ ဖြစ်သည်။ ၂၀၁၄ ဒီဇင်ဘာက ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား ပဋိပက္ခကြောင့် ရွာသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ကာ အခြားလူအများအပြား ဒဏ်ရာရရှိခဲ့ပြီး မြန်မာနိုင်ငံ မြို့ကြီးအနှံ့အပြား၌ ဆူပူဆန္ဒပြမှု အချို့ ဆက်လက် ဖြစ်ပွားစေခဲ့သည်။[92] ၂၀၁၄ ဖြစ်စဉ်အပြီး ဆန္ဒပြမှုများ ဆက်လက် ဖြစ်ပွားနေခဲ့သည်။ အပြည်ပြည် ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာ၌ မဖြေယာသိမ်းဆည်းမှု၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု၊ စီမံကိန်းကို ဆန့်ကျင်ပြီး ရပ်ဆိုင်းပေး ရန် တောင်းဆိုသူများ ဖမ်းဆီးခံရမှုတို့ အပါအဝင် “မြန်မာ လက်ပံတောင်း သတ္တုတွင်း၌ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွား နေသည်” ဟုဆိုသည်။[93]

တင်းမာမှုနှင့် အငြင်းပွားမှုများ လျှော့ချရန် ဝမ်ပေါင်က စီမံကိန်းအနီး ဒေသခံများနှင့် တက်ကြွစွာ ချိတ်ဆက် ဆောင်ရွက်လင့်ကစား အဆိုပါ ပူးပေါင်းမှုများမှာ ပြည်တွင်းလူမှုအဖွဲ့များ၏ လိုလားချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းကား မရှိခဲ့ပေ။ လေ့လာမှုများအရ ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေ သည့် အကြောင်းရင်း များမှာ CSD အဖွဲ့ ကိုယ်စားလှယ် မလုံလောက်မှု၊ အထက်မှအောက်သို့ ဆက်ဆံ သည့် ပုံစံရှိနေမှု၊ ရွာသားများ တောင်းဆိုသည့် လိုအပ်ချက်၊ လိုလားချက်များနှင့် CSR လုပ်ငန်းများ၏ ကိုက်ညီချက် အားနည်းမှု စသည်တို့ ဖြစ်ကြသည်။[94] စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ လက်ပံ တောင်း စီမံကိန်းဆိုင်ရာ CSR အစီရင်ခံစာကို ဝမ်ပေါင်က ၂၀၁၈ ခုနှစ်၌ ထုတ်ဝေမှု ရပ်ဆိုင်းလိုက်ခြင်း ဖြစ်သည်။[95] ဝမ်ပေါင်၏ အစီရင်ခံမှု ရပ်ဆိုင်းခဲ့ရသည့် အကြောင်းရင်းမှာ CSR စံနှုန်းများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ ကိုယ်စားလှယ်နှင့် ဆန္ဒပြသူများအကြား မတူညီ သော မျှော်မှန်းချက်၊ ကွဲပြားခြားနားသော အဓိပ္ပာယ် ကောက်ယူမှုများ ရှိနေခြင်းကြောင့် ဖြစ်နိုင်သည်။ သို့ရာတွင် ဝမ်ပေါင်၏ အမြင်အရမူ ဒေါ် အောင်ဆန်းစုကြည်ကဲ့သို့ ထိုစဉ်က လူများစု မြန်မာ့ အတိုက်အခံ ခေါင်းဆောင် (၂၀၁၆ မတိုင်မီ)၏ ထောက်ခံမှုနှင့် အရပ်သားအစိုးရ၏ ထောက်ခံမှုများ ရရှိခဲ့ခြင်းသည် စီမံကိန်းကို ပြည်တွင်းက လက်ခံမှု အတွက် ခိုင်မာသော ညွှန်ပြချက်များပင် ဖြစ်သည်။[96] ၂၀၁၂ နှင့် ၂၀၁၄ ခုနှစ်အကြား ဆန္ဒပြမှုများနှင့် နိုင်းယှဉ်ပါက နောက်ပိုင်းနှစ်များ၌ ဆန္ဒပြမှု အကိမ်ရေနှင့် အရွယ်အစား လျော့ကျလာသည့်အချက်က လည်း အဆိုပါပြည်တွင်းက လက်ခံကြောင်းအမြင်ကို ထပ်လောင်း ထောက်ခံနေ ခဲ့သည်။[97]

လက်ပံတခောင်း ကမြေးနီသတ္တုတွင်း၏ ဖြစ်စဉ်ကို လေ့လာပါက ဒေသအုပ်ချုပ်သူ အင်စတီကျူးရှင်းများ၊ ပြည်တွင်းလူမှုအဖွဲ့များ၊ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေသော တရုတ်အဖွဲ့များအကြား အပြန်အလှန် ဆက်ဆံမှု၏ သဘာဝသဘာဝနှင့် အပြုသဘောဆောင်မှုများမှာ အချိန်ကိုလိုက်၍ ပြောင်းလဲနေတတ်ကြောင်း တွေ့ရသည်။ သို့သော် တရုတ်အဖွဲ့များ၏ အပြုအမူပြောင်းလဲခြင်းအတွက် အရေးပါသော အချက်တစ်ချက်မှာ ပြည်တွင်းနိုင်ငံရေး၌ လူမှုအဖွဲ့များ မည်မျှ တန်ခိုးထွားသနည်း ဟူသော အချက် ဖြစ်သည်။ လူမှုအဖွဲ့များ အားကောင်းသည့်အခါ အိမ်ရှင်နိုင်ငံ၏ အုပ်ချုပ်ရေး အင်စတီကျူးရှင်းများက ၎င်းတို့၏ တောင်းဆိုမှုကို ထောက်ခံကပြီး ပြည်တွင်းမိတ်ဖက်များ အပါအဝင် ပြည်တွင်း လူမှုအဖွဲ့များ၏ ထောက်ခံမှု ရရှိရေးအတွက် တရုတ်လုပ်ငန်းများမှာ ဒေသ၏ တောင်းဆိုမှုများကို ပိုမို လိုက်လျောပြီး ပိုမို အလေးထားဆောင်ရွက်ပေးလေ့ ရှိကြသည်။ ၂၀၁၂ ကနဦး ဆန္ဒပြပွဲများ အကျိုးဆက်အဖြစ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော စုံစမ်းရေး ကော်မတီ၏ အစီရင်ခံစာ ထွက် လာအပြီး ဝမ်ပေါင်၏ အလျှော့ပေးမှုများက ဤအချက်ကို သက်သေထူလျက် ရှိသည်။

ထို့အတူ ဝမ်ပေါင်ကဲ့သို့ တရုတ်လုပ်ငန်းများသည် ဒေသအုပ်ချုပ်သူ အင်စတီကျူးရှင်းများ၊ မြန်မာစစ်တပ် နှင့် ပတ်သက်သည့် ပြည်တွင်းမိတ်ဖက်များနှင့်သာ အများဆုံး အလုပ်လုပ်ခဲ့ရာမှ အစောပိုင်း မြန်မာ့ ဒီမို ကရေစီ တံခါးဖွင့်ကာလများ၌ လူမှုရေးကဏ္ဍမှ ပုဂ္ဂိုလ်များနှင့် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းလုပ်ကိုင်လာ ကြောင်း လက်ပံတခောင်းဖြစ်စဉ်က ဖော်ပြနေသည်။ ပထမဦးစွာ ဒီမိုကရေစီ တံခါးဖွင့် ကာလအတွင်း လူမှုအဖွဲ့များ စည်းစည်းလုံးလုံးနှင့် စတင် ကြီးထွားလာသည့်အခါ အုပ်ချုပ်မှု အင်စတီကျူးရှင်းများ အထူးသဖြင့် စုံစမ်း စစ်ဆေးရေးကော်မရှင်က ၎င်းတို့၏ အသံများကို နားစွင့်လာ၊ ထောက်ခံလာကြသည် ။ ထို့ကြောင့် ဝမ်ပေါင် အနေဖြင့် ပြည်တွင်း လူမှုအဖွဲ့၏ တောင်းဆိုမှုနှင့် ပြည်တွင်း စံနှုန်းအချို့အပေါ် အ လျှော့ပေးမှုများ စတင် ပြုလုပ်လာသည်။[98] ဒုတိယအနေဖြင့် ဒီမိုကရေစီ တံခါးဖွင့်ကာလအတွင်း ဒေါ် အောင်ဆန်းစုကြည်နှင့် အန်အယ်ဒီ၏ သြဇာအာဏာ ကြီးထွားလာသည့်အခါ တရုတ် လုပ်ငန်းများမှာ ၎ င်းတို့၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ပြန်လည်ပြင်ဆင်ပြီး လူထုနှင့် ပူးပေါင်းဆောင်ရွက်ရန် ဒေသန္တရ အုပ်ချုပ်မှု အင်စတီကျူးရှင်း များသာမက ပြည်တွင်း လူမှုအဖွဲ့ တောင်းဆိုမှုများကပါဖိအား ပေးလာခဲ့သည်။[99] အချို့အခြေအနေများတွင် ဝမ်ပေါင်သည် မိမိ၏ လူထုချိတ်ဆက်ဆောင်ရွက်ရေးနည်း လမ်းကို အသေးစိတ် မွမ်းမံပုပြင်ရန် နိုင်ငံတကာ လုပ်ငန်းများနှင့်ပင် ပူးပေါင်းဆောင်ရွက်လာခဲ့သည်။ ဥပမာ ကုမ္ပဏီသည် မိမိ၏ လူထုချိတ်ဆက်မှု မဟာ ဗျူဟာကို အထောက်အကူပြုစေရန် ဒေသခံ အသိုက်အဝန်းများနှင့် ပူးပေါင်းခြင်းသာမက လွတ်လပ်သော ESIA ပြုစုရေးအတွက် အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ် သည်။

နောက်ဆုံးအနေဖြင့် လူ့အဖွဲ့အစည်း၏ ဖိအား ကြီးမြားလာသည့်အခါ ဝမ်ပေါင်သည် လက်ပံတခောင်း သတ္တုစီမံကိန်း အတွက် ဒေသခံများ၏ တောင်းဆိုမှုကို အရေးပါသော လိုက်လျောမှုအချို့ ပြုလုပ်လာခဲ့ သည်။ သို့သော် အဆိုပါ လိုက်လျောမှုမှာ သတ္တုတွင်းအနီးရှိ ဒေသခံများနှင့် ကုမ္ပဏီအကြား တင်းမာမှုကို တစ်စိတ်တစ်ပိုင်း သာ လျှော့ပါးစေနိုင်ခဲ့ဖွယ် ရှိသည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီ၌ ဆယ်တဲ ရွာသားအများအပြားက ဝမ်ပေါင်က ကမ်းလှမ်းသည့် လျော်ကြေးနှင့် ပြန်လည်နေရာချထားမှု အစီအစဉ် ကို လက်ခံခဲ့သော်လည်း အချို့ ရွာသား များကမူ လျော်ကြေးကို ငြင်းဆန်နေဆဲဖြစ်ကာ[100] ယင်းအချက်က ပြဿနာကို အပြည့်အဝ ဖြေရှင်းနိုင်ခြင်း မရှိသေးကြောင်း ဖော်ပြနေသည်။

## ၂၀၂၁ မြန်မာ့အာဏာသိမ်းမှုအပြီး တရုတ်ရင်းနှီးမြှုပ်နှံမှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က မြန်မာ့နိုင်ငံရေးကို ပြန်လည်ထိန်းချုပ်လိုက်မှုအား တရုတ် ကုမ္ပဏီ များက မည်သို့တုံ့ပြန်မည်ဟူသည် အခြေအနေအတိအကျမှာ မရှင်းလင်းသေးဘဲရှိနေသေးသည်။ လူထုချိတ်ဆက်မှု အလင့်အထများကို ကျားကန်ပေးရန် အားထုတ်ဆောင်ရွက်ခဲ့သော်လည်း အဆိုပါ အပြောင်းအလဲများက တရုတ် ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ စံနှုန်းများအတိုင်း ပြောင်းလဲကျင့်သုံး လာမည်ဟူ၍ကား ဆိုလိုခြင်း မရှိပေ။ ဥပမာ မြေယာသိမ်းရာ၌ အစုမမပုခြင်း၊ ကိုတြင်အသိပေးခြင်း၊ သဘာဝတူညီမှုရယူခြင်း ဟူသော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း၊ ကမ္ဘာ့ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ အစည်း စသည့် နိုင်ငံတကာအဖွဲ့များက ပြဋ္ဌာန်း ထားသော အခြေခံမူများကို ကျင့်သုံးရေးမှာ တရုတ် လုပ်ငန်း များအတွက် ခက်ခဲကောင်း ခက်ခဲနေဦး မည် ဖြစ်သည်။[101] ဒေသခံများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးကို မဆန့်ကျင် သော်ငြားလည်း ထိုသို့ ပူးပေါင်းဆောင်ရွက်ရာ၌ တရုတ်လုပ်ငန်းများသည် သူ့စည်းကိုယ့်စည်း နယ်နိမိတ် ပိုင်းခြားမှုအချို့ ထား လင့်ရှိကြသည်။[102]

စစ်အာဏာသိမ်းမှုဖြစ်ပြီးကြတည်းက အာဏာသိမ်းမှုကို ဆန့်ကျင်သည့် မြန်မာအများစု၏ နာကျည်းမှု ကြောင့် နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုက တိုင်းပြည်တွင်းရှိ တရုတ်အကျိုးစီးပွားအပေါ် သက်ရောက်မည်ကို တရုတ်က စိုးရိမ်ပူပန်လာသည်။[103] နိုင်ငံရေး မတည်ငြိမ်မှု၊ ဆက်လက်ဖြစ်ပွားနေသော ဆန္ဒပြမှုများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်စစ်တပ်အကြား ပဋိပက္ခများကြောင့် ယခုအာဏာသိမ်းမှုသည် မြန်မာနိုင်ငံအတွင်း တရုတ် စီးပွားရေးလုပ်ငန်းများနှင့် တရုတ်နယ်စပ်တစ်လျှောက် လုံခြုံရေးဟူသော ဘကျေင်း၏ ဗျူဟာကျ သည့် အကျိုးစီးပွားများအပေါ် အန္တရာယ်ကျရောက်လာနိုင်သည်။ တရုတ်နိုင်ငံ အတွက် မြန်မာနိုင်ငံမှာ မဟာ ဗျူဟာ ကျကျ အရေးပါလျက်ရှိရာ စစ်အစိုးရနှင့် ဆက်ဆံရေးတွင် မြန်မာ့ နိုင်ငံရေး တည်ငြိမ်မှုသည် ဘကျေင်း ၏ အဓိက ဦးစားပေးအချက် ဖြစ်သည်။ သို့ဖြစ်၍ ယခု အာဏာသိမ်းမှုကို ဘကျေင်းက "အစိုးရအဖွဲ့ ပြင်ဆင် ဖွဲ့စည်းခြင်း" ဟုသာ ဖော်ပြခဲ့ခြင်းဖြစ်သည်။[104]

သို့ရာတွင် အာဏာသိမ်းမှုအတွင်း ဝင်ရောက် မစွက်ဖက်ရေးမူကို ဘကျေင်း၏ အထင်အရှား ဆုပ်ကိုင် ထားမှု က မြန်မာ ဆန္ဒပြသူများကို ဒေါသဖြစ်စေခဲ့ပြီး ကာလရှည်ကြာ ဖြစ်တည်ခဲ့သော တရုတ် ဆန့်ကျင်ရေး ခံစား ချက်များကို ပြန်လည်နိုးဆွပေးခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီနှင့် ဇူလိုင်လများတွင် တရုတ်သံရုံးရှေ့၌ ဆန္ဒပြသူ များ စုစည်း၍ အာဏာသိမ်းမှုအပြီး စစ်အစိုးရအပေါ် ဖိအားပေးရန် ဘကျေင်း၏ ပျက်ကွက်မှုအတွက် ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။[105] ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်ရှိ တရုတ်ရင်းနှီးမြှုပ်နှံမှု စက်ရုံများကို ၂၀၂၁ ခုနှစ် မတ်လလယ်က မီးရှို့ ဖျက်ဆီးခဲ့ကြသည်။[106] တရုတ် -မြန်မာ ပိုက်လိုင်းများကို ဖောက်ခွဲဖျက်စီးမည်ဟု အွန်လိုင်းမှ ခြိမ်းခြောက်မှုများ[107] ရှိခဲ့သလို တရုတ် ကုန်ပစ္စည်းများကို သပိတ်မှောက်ရန် ဒီမိုကရေစီ လိုလား သည့် ဆန္ဒပြသူများ၏ တောင်းဆိုမှုက တရုတ်အစိုးရနှင့် တရုတ်စီးပွားရေးအဖွဲ့များကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။

မြန်မာစစ်အစိုးရက တရုတ်နှင့် အခြား နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား အာမခံချက်များပေးပြီး တုံ့ပြန်ခဲ့ သည်။ ဥပမာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းတွင် စစ်အစိုးရက ယူနန်ပြည်နယ် စွမ်းအင် ရင်းနှီးမြှုပ်နှံမှု အုပ်စု၏ မီးလင်းချိုင့်သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ စီမံကိန်းကို ခွင့်ပြုပေးခဲ့သည်။[108] တရုတ်နှင့် ကုန်သွယ်မှု၊ တရုတ် FDI စီးဆင်းမှုများမှာ အာဏာသိမ်းမှုနောက်ပိုင်း အထိုးကျန်ဖြစ်နေသေည့်

မြန်မာစစ်တပ် အတွက် အလွန်အရေးကြီးသည်မှာ လျှို့ဝှက်ချက်တစ်ခု မဟုတ်ပေ။ သို့သော် မြန်မာ စစ်တပ်ကို ကျောထောက် နောက်ခံပြုသော အစိုးရအရာရှိများမှာ ဘကျောင်းအတွက် အမဲဖြာစေ စိတ်ချရ သော မိတ်ဖက်များကား မဟုတ်ခဲ့ပေ။ အမှန်စင်စစ်အားဖြင့် ဖြစ်ရပ်အများအပြား၌ တရုတ်အကျိုးစီးပွား ကို မျက်ကွယ်ပြုခြင်းသူမှာ စစ်အစိုးရဖြစ်ကာ အထူးသဖြင့် တရုတ်ကုမ္ပဏီများ၊ ငွေကြေးထောက်ပံ့သူများ ကို အထိနာစေခဲ့သည် မြစ်ဆုံ စီမံကိန်းကဲ့သို့ အစိုးရအချင်းချင်း ဆောင်ရွက်သည့် စီမံကိန်းကြီးများအား စစ်အစိုးရက ၂၀၁၁ ခုနှစ်က ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် တရုတ် ပိုးလမ်းမသစ် စီမံကိန်းကို အတည်ပြုခြင်းသူ၊[109] တရုတ်-မြန်မာ စီးပွားရေး စင်္ကြန်ကို ဖွင့်လှစ်ခဲ့သူ၊ ၂၀၁၄ ခုနှစ်တွင် စစ်အစိုးရက ဖျက်သိမ်းခဲ့သော ရထားစီမံကိန်းတစ်ခုကို ပြန်အသက်သွင်းနိုင်မည့် လမ်းစကို (အာဏာမသိမ်းမီ နှစ်ပတ်အလိုတွင်) ဖွင့်လှစ်ပေးခဲ့သူမှာ[110] ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အန်အယ်ဒီ အစိုးရ ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မြန်မာ့နိုင်ငံရေး ဘောဂဗေဒ၌ တရုတ်၏ နက်နက်ရှိုင်းရှိုင်း ပါဝင် ပတ်သက် သော အကျိုးစီးပွားများကြောင့် တရုတ်လုပ်ငန်းများသည် မြန်မာလူထု တောင်းဆိုမှုများကို တစ်နည်းတစ်ဖုံ လိုက်လျောလာရသည်။ သို့သော် ယခု အာဏာသိမ်းမှုအပြီးတွင် တရုတ်ကုမ္ပဏီများ အနေဖြင့် လုပ်ငန်း ပတ်ဝန်းကျင်နှင့် မက်လုံးများအပေါ် မတူညီသော အမြင်များ ထားရှိလာနိုင်သည်။ စစ် အစိုးရ အာဏာပြန် ရလာသဖြင့် တရုတ်လုပ်ငန်းများမှာ လူထုချိတ်ဆက်မှု လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရန် ပြင်းပြသော ဆန္ဒ ရှိကောင်းမှ ရှိပါလိမ့်မည်။ အကြောင်းမှာ စစ်အစိုးရမှာ လူထုဗဟိုပြု ချဉ်းကပ်မှုကို မသုံးဘဲ လူမှု အဖွဲ့များကို အတင်းအကျပ် ကိုင်တွယ်ရန် ဖိနှိပ်သည့်နည်းလမ်းကို အသုံးပြု မည်မှာ ထင်ရှားနေသောကြောင့် ဖြစ်သည်။ ဝမ်ပေါင်အတွက် အကျိုးဆက်များလည်း ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာ သိမ်းမှုအပြီး လူထုအုံကြွ လှုပ်ရှားမှုတွင် အလုပ်သမားများ ပါဝင်မှု ကြောင့် လက်ပံတောင်စီမံကိန်းမှာ အခိုက် အတံ့ ရပ်နားခဲ့ရသည် (သို့သော် နောက်ဆုံးတွင် လုပ်ငန်းများ ပြန်လည် လည်ပတ်ခဲ့သည်)။[111] တရုတ်ကုမ္ပဏီ အတွက် ပိုမိုဆိုးဝါးသည့်အချက်မှာ မြန်မာစစ်တပ်ကို ကူညီနေသော ဝမ်ပေါင်နှင့် ယင်း၏ အဖွဲ့များအား အရေးယူ ပိတ်ဆို့ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇူလိုင်လက ထုတ်ပြန်ခဲ့မှု ဖြစ်သည်။[112]

တရုတ်လုပ်ငန်းများသည် လက်ပံတောင်း ကြေးနီသတ္တုတွင်း၌သာမက မြန်မာနိုင်ငံရှိ အခြားဖွံ့ဖြိုးမှု စီမံကိန်း များတွင်ပါ မိမိတို့၏ အလေ့အထများကို ဒေသအဆင့်၌ ကိုက်ညီအောင် ပုပြင်ပြောင်းလဲရာ၌ သင်ခန်းစာများ၊ တိုးတက်မှုများ ရှိခဲ့သည်မှာ အတိုင်းအတာတစ်ခုအထိ ထင်ရှားသည်။[113] လက်ပံတောင်း သတ္တုတွင်းဖြစ်စဉ် သည် ပြည်တွင်းလူမှုအဖွဲ့နှင့် အင်စတီကျူးရှင်းများ၏ ဖိအားများအနက် အချို့ကို ရွေးချယ် အလျှော့ပေးရင်း ဝမ်ပေါင်က ပုပြင်ပြောင်းလဲခဲ့သည် နမူနာကောင်းတစ်ခု ဖြစ်သည်။ သို့သော် အဓိကကျသော နာကြည်းမှုများသည် ဆက်လက် ဖြစ်ပေါ်လျက်ရှိပြီး မဖြေရှင်းနိုင်သေးသည့် လက္ခဏာ များလည်း ရှိနေကာ အနာဂါတ် တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေမှာ ရှင်းရှင်းလင်းလင်း မရှိသေးသလို အကန့်အသတ်ရှိသည် ဆိုသော်ငြား အရေးကြီးလှသည့် လူထု ချိတ်ဆက်မှုလုပ်ငန်းများမှာ မသေချာ မရေရာသော အနေအထားသို့ ရောက်ရှိနေခဲ့သည်။

## စာရေးသူ အကြောင်း

ရွှဲကုံး (Xue Gong) သည် စင်္ကာပူနိုင်ငံ နန်ယန်းနည်းပညာတက္ကသိုလ်၊ စိန့်ရာဂျာရက်နမ် အပြည်ပြည်ဆိုင်ရာ လေ့လာမှုဌာန၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးဘောဂဗေဒ မဟာသိပ္ပံဌာနခွဲမှ လက်ထောက်ပါမောက္ခနှင့် ဒုတိယညှိနှိုင်းရေးမှူး ဖြစ်သည်။ သူမ၏ စိတ်ဝင်စားသော သုတသေန နယ်ပယ်များတွင် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးဘောဂဗေဒ၊ ဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ၊ တရုတ်၏ စီးပွားရေး သံခင်းတမန်ခင်း၊ ဒေသအစွဲပြုဝါဒနှင့် အုပ်ချုပ်မှု အကြောင်းအရာများ ပါဝင်သည်။

# မှတ်စုများ


1 Gregory T. Chin and Kevin P. Gallagher, "Coordinated Credit Spaces: The Globalization of Chinese Development Finance," Development and Change 50, no. 1 (2019): 245–274, https://doi.org/10.1111/dech.12470; Andreas Fuchs and Marina Rudyak, "The Motives of China's Foreign Aid," in Handbook on the International Political Economy of China ed. Ka Zeng (Cheltenham, UK: Edward Elgar Publishing Limited, 2019), 392–409; David Dollar, "Is China's Development Finance a Challenge to the International Order?," Asian Economic Policy Review (2018): 283–298; and Jing Gu, John Humphrey, and Dirk Messner, "Global Governance and Developing Countries: The Implications of the Rise of China," World Development 36, no. 2 (2008): 274–292.

2 Xue Gong, "Logics of Appropriateness: Explaining Chinese Financial Institutions' Weak Supervision of Overseas Financing," World Development 142 (2021), https://doi.org/10.1016/j.worlddev.2021.105465.

3 Tao Pingsheng, "Abidance, Improvement, and Innovation of Jointly Building the Belt and Road: International Rules From the Perspective of Global Governance," Guanli Shijie [Management World], 5, (2020): 166, http://www.cqvip.com/qk/95499x/202005/7102204665.html.

4 Matt Ferchen, "Whose China Model Is It Anyway? The Contentious Search for Consensus," Review of International Political Economy 20, no. 2 (2013): 390–420; and Joseph Nye, "Power and Interdependence With China," Washington Quarterly 43, no. 1 (2020): 7–21.

5 Daniel Kliman, Rush Doshi, Kristine Lee, and Zack Cooper, "Grading China's Belt and Road," Center for a New American Security, April 8, 2019, https://s3.amazonaws.com/files.cnas.org/CNAS+Report_China+Belt+and+Road_final.pdf; and Daniel R. Russel and Blake Berger, "Navigating the Belt and Road Initiative," Asia Society Policy Institute, June 2019, https://asiasociety.org/sites/default/files/2019-06/ Navigating%20the%20Belt%20and%20Road%20Initiative_2.pdf.

6 Jessica C. Liao, "A Good Neighbor of Bad Governance? China's Energy and Mining Development in Southeast Asia," Journal of Contemporary China, 28, no. 118 (2019): 575–591

7 Gong, "Logics of Appropriateness."

8 Gong, "Logics of Appropriateness." (See Appendix 1.)

9 See China Banking Regulatory Commission, "Zhongguo yinjianhui guanyu yinfa lvse xindai zhiyin de tongzhi [Notice of the China Banking Regulatory Commission on issuing Green Credit Directive], China Banking Regulatory Commission, 2012, www.gov.cn, http://www.gov.cn/gongbao/content/2012/content_2163593.htm.

10 Michelle Chan, "Why China Must Strengthen Environmental Standards for Its Overseas Investments," China Dialogue, February 27, 2014, https://chinadialogue.net/en/business/6765-why-china-muststrengthen-environmental-standards-for-its-overseas-investments.

11 Deborah Bräutigam and Tang Xiaoyang, "Economic Statecraft in China's New Overseas Special Economic Zones: Soft Power, Business or Resource Security?," International Affairs 88, no. 4 (2012): 800.

12 OECD, OECD Investment Policy Reviews: Southeast Asia, OECD, February 26, 2019, 37–44, https://www.oecd.org/daf/inv/investment-policy/Southeast-Asia-Investment-Policy-Review-2019.pdf.

13 Daniel Kaufmann and Aart Kraay, "Worldwide Governance Indicators," World Bank, http://info.worldbank.org/governance/wgi/. ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုညွှန်းကိန်းတွင် -၂.၅ မှ ၂.၅ အထိ တန်းဖိုးများကို အသုံးပြုသည်။ အမြင့်ဆုံးဖြစ်သော ၂.၅ တန်ဖိုးသို့ နီးကပ်လာလေ အုပ်ချုပ်မှု ပိုမိုကောင်းမွန်လေ ဖြစ်သည်။

14 Marimi Kishimoto, “Thailand Puts High-Speed Rail Project on Track With Land Pledge,” Nikkei Asia, January 18, 2020, https://asia.nikkei.com/Business/Transportation/Thailand-puts-high-speed-railproject-on-track-with-land-pledge.

15 အဆိုပါအဖွဲ့များမှာ ကျန်းစုဘဏ်၊ ချုံကင်းဘဏ်၊ ဂူအီကျုံးဘဏ်၊ ဟူကျုံးဘဏ်၊ ချုံကင်း ကျေးလက်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ စက်မှုဘဏ်ကုမ္ပဏီနှင့် မန်ြယန်းစီတီး ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ ဖြစ်သည်။ See Equator Principles, “Members and Reporting,” Equator Principles, 2021, https://equator-principles.com/members-reporting.

16 EITI International Secretariat, “Chinese Companies Reporting in EITI Countries: Review of the Engagement of Chinese Firms in Countries Implementing the EITI,” EITI, February 2016, https://eiti.org/document/eiti-brief-chinese-companies-reporting-in-eiti-implementing-countries#CountryCases.

17 Ivanhoe Mines, “Ivanhoe Mines Ltd. and Myanmar Ivanhoe Copper Company Ltd,” The Letpadaung Project, June 1999, https://web.archive.org/web/20071012020048/http:/www.ivanhoe-mines.com/i/pdf/letpadaung-info.pdf. See Appendix 1.

18 Tin Maung Htoo, “Behind the Letpadaung Crisis, a Canadian Firm With a Dire Record,” Irrawaddy, March 22, 2013, https://www.irrawaddy.com/opinion/guest-column/behind-the-letpadaung-crisis-acanadian-firm-with-a-dire-record.html; and Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement,” Social Resources Institute, 2017, https://media.businesshumanrights.org/media/documents/files/documents/SRI_The_Social_Responsibility_of_Chinas_OFDI_and_NGOs_Engagement.pdf.

19 အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အဆိုအရ “အဆိုပါ အချက်အလက်များ ထုတ်ပြန်ရာ၌ ပွင့်လင်းမြင်သာ မရှိမှု သည် မြန်မာနိုင်ငံရှိ လုပ်ငန်းများနှင့် စပ်လျဉ်း၍ စစ်ဆေးခံရမှုများမှ ရှောင်ရှားရန် ဖြစ်ပုံရသည်” ဟုဆိုသည်။ See Amnesty International, Open for Business? Corporate Crime and Abuses at Myanmar Copper Mine (London, UK: Amnesty International, February 10, 2015), https://www.amnesty.org/en/documents/asa16/0003/2015/en/.

20 Sandhi Governance Institute, “Belt and Road Monitoring Project: Letpadaung Copper Mine,” Sandhi Governance Institute, 5, https://www.brimonitor.org/wp-content/uploads/2021/07/CS_LCMP.pdf.

21 “Myanmar Military-Chinese Copper Mining Stops as Workers Join Anti-Coup Protests,” Irrawaddy, February 11, 2021, https://www.irrawaddy.com/news/burma/myanmar-military-chinese-copper-miningstop-workers-join-anti-coup-protests.html.

22 Nyi Nyi Kyaw, “Sinophobia in Myanmar and the Belt and Road Initiative,” Think China, February 25, 2020, https://www.thinkchina.sg/sinophobia-myanmar-and-belt-and-road-initiative; and Xue Gong, “Understanding the Belt and Road Initiative in Myanmar: A Socio-Politico and Economic Approach,” China and the World 3, no. 4 (2020), https://www.worldscientific.com/doi/abs/10.1142/S2591729320500169.

23 “Mei cheng jiangyong weixing jiankong zhongguo lancangjiang shuidianzhan, waijiaobu: jianjue fandui e’yi tiaobo [The U.S. to use satellite to monitor China’s dam along the Mekong River, Ministry of Foreign Affairs of China: Resolutely oppose malicious provocation], Global Times, December 14, 2020, https://world.huanqiu.com/article/4169o0HVOdV; and Peng Nian, “Jingti Mei da Meigonghe ‘shengtaipai’” [Be warned that the United States will play politics on the environmental issue in the Mekong], National Institute for South China Sea Studies, September 17, 2020, https://web.archive.org/web/20220204235519/http://www.nanhai.org.cn/review_c/477.html..

24 Tin Htet Paing, “How China Pushes Its Agenda in Myanmar Media,” Myanmar Now, October 9, 2019, https://www.myanmar-now.org/en/news/how-china-pushes-its-agenda-in-myanmar-media.
25 Author interview with two managers from an SOE in Mandalay, Myanmar, May 17, 2018. (Quoted in Gong, “Logics of Appropriateness.”)
26 Yang Meng, “Chinese Power, Burmese Politics,” China Dialogue, April 2, 2012, https://www.chinadialogue.net/article/show/single/en/4852-Chinese-power-Burmese-politics.
27 SiuSue Mark and Zhang Youyi, “From Impediment to Adaptation: Chinese Investments in Myanmar’s New Regulatory Environment,” Journal of Current Southeast Asian Affairs 36, no. 2 (2017): 71–100.
28 Yao Ying and Zhang Youyi, “Public Perception of Chinese Investment in Myanmar and its Political Consequences: A Survey Experimental Approach,” International Growth Centre, March 2018, https://www.theigc.org/wp-content/uploads/2018/06/Yao-Zhang-2018-Policy-Brief.pdf.
29 SiuSue and Zhang, “From Impediment to Adaptation.”
30 Gong, “Understanding the Belt and Road Initiative in Myanmar.”
31 Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement,” 34.
32 Ibid., 60.
33 Amnesty International, “Open for Business?,” 21.
34 Sean Gleeson, “Letpadaung Mine Development Risks Further Abuses: Amnesty,” Irrawaddy, November 28, 2014, https://www.irrawaddy.com/news/burma/letpadaung-mine-development-risks-abuses-amnesty.html.
35 Thazin Hlaing, “Myanmar Villagers Agree to Relocate From China-Backed Copper Mine,” Irrawaddy, January 20, 2021, https://www.irrawaddy.com/news/burma/myanmar-villagers-agree-relocate-chinabacked-copper-mine.html.
36 Khin Su Wai, “Land Compensation to Start in Chinese-Operated Copper Mine,” Myanmar Times, January 27, 2021, https://www.mmtimes.com/news/land-compensation-start-chinese-operated-coppermine.html.
37 Amnesty International, “Open for Business?,” 23–35.
38 Online author interview with a Chinese scholar based in Yunnan, China, September 10, 2021. Also see Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement.”
39 Zhang Cong and Sun Xue, “Zhongguo zai mian touzixiangmu chengbai de yuanyin” [Reasons for success and failure of Chinese investments in Myanmar (2011–2016)], Quarterly Journal of International Politics 1, no. 4 (2016): 23–58.
40 ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်က အဆိုပါ နေရာအား “ယဉ်ကျေးမှု အမွေအနှစ်” နေရာ အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်ကာ ဘုရားစေတီ ရွှေ့ပြောင်းမှုကို သဘောတူ ခွင့်ပြုခဲ့သည်။ See Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement,” 39.
41 Ibid.
42 Jiang Yuan, “Zhongguo zai miandian de touzi fengxian pinggu-zhongmian mengyu watong diaoyan baogao” [Risk assessment of China’s investment in Myanmar: research report for Sino- Myanmar Monywa copper mining], China Economic Report no. 6 (2013): 105–110.
43 Amnesty International, “Open for Business?,” 27.

44 Charltons, “Letpadaung Investigation Commission Issues Final Report,” Charltons, April 2013, https://www.charltonslaw.com/letpadaung-investigation-commission-issues-final-report.
45 Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement,” 29.
46 Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement,” 52.
47 Online author interview with a Chinese scholar based in Yunnan who is familiar with the disputes surrounding the project, September 10, 2021.
48 Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement.”
49 ဝမ်ပေါင်၏ မိခင်ကုမ္ပဏီဖြစ်သော နော်ရင်ကို ကုမ္ပဏီ၏အဆိုအရ အဆိုပါ ကော်မရှင် ဖွဲ့စည်းတည်ထောင်ရေးအတွက် ဝမ်ပေါင်က တိုက်တွန်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ See NORINCO, “Zhongguo Bingqi Gongye Jituan Youxian Gongxi: cong ‘gongshang gongjian, gongxiang’ zouxiang gongying” [China North Industries Group: From ‘consultation, co-construction, and sharing’ to win-win], State-Owned Assets Supervision and Administration Commission, January 8, 2021, http://www.sasac.gov.cn/n4470048/n13461446/n14398052/n16460319/n16460417/c16462465/content.html.
50 Charltons, “Letpadaung Investigation Commission Issues Final Report.”
51 Chinese Embassy in Myanmar, “Head of NORINCO Call on Myanmar President U Thein Sein,” Chinese Ministry of Foreign Affairs, December 25, 2012, https://www.mfa.gov.cn/ce/cemm//eng/xwdt/t1000619.htm.
52 Peihua Yu, “Letpadaung Copper Mine,” The Peoples’ Map, March 23, 2021, https://thepeoplesmap.net/project/letpadaung-copper-mine.
53 Lawi Weng, “Letpadaung Copper Mine to Resume Operations,” Irrawaddy, July 26, 2013, https://www.irrawaddy.com/news/burma/letpadaung-copper-mine-to-resume-operations.html; and Hlaing, “Myanmar Villagers Agree to Relocate From China-Backed Copper Mine.”
54 Weng, “Letpadaung Copper Mine to Resume Operations.”
55 Kyaw Phyo Tha, “Wanbao Welcomes Inquiry Commission’s Verdict,” March 13, 2013, https://www.irrawaddy.com/news/burma/wanbao-welcomes-inquiry-commissions-verdict.html.
56 Mizzima News, “Wanbao Mining Company Reaches Out With CSR Programme, Innovative Video,” Mizzima News, April 27, 2016, https://www.mizzima.com/news-domestic/wanbao-mining-companyreaches-out-csr-programme-innovative-video.
57 NORINCO, “Zhongguo Bingqi Gongye Jituan Youxian Gongxi: cong ‘gongshang gongjian, gongxiang’ zouxiang gongying” [China North Industries Group: From ‘consultation, co-construction, and sharing’ to win-win].
58 Ibid.
59 Wanbao, “Myanmar Foreign Investment Tracking Project Response from Wanbao,” Business and Human Rights Resource Centre, February 14, 2015, https://media.business-humanrights.org/media/documents/WANBAO-response.pdf.
60 NORINCO, “Zhongguo Bingqi Gongye Jituan Youxian Gongxi: cong ‘gongshang gongjian, gongxiang’ zouxiang gongying” [China North Industries Group: From ‘consultation, co-construction, and sharing’ to win-win].
61 Online interview with Chinese scholars based in Yunnan, January 8, 2022.
62 Amnesty International, “Open for Business?,” 27.
63 NORINCO, “Zhongguo Bingqi Gongye Jituan Youxian Gongxi: cong ‘gongshang gongjian, gongxiang’ zouxiang gongying” [China North Industries Group: From ‘consultation, co-construction, and sharing’ to win-win].

64 Ibid.
65 Ibid.
66 Ibid.
67 Mizzima News, “Wanbao Mining Company Reaches Out With CSR Programme, Innovative Video.”
68 NORINCO, “Zhongguo Bingqi Gongye Jituan Youxian Gongxi: cong ‘gongshang gongjian, gongxiang’ zouxiang gongying” [China North Industries Group: From ‘consultation, co-construction, and sharing’ to win-win].
69 Ibid.
70 Xuan Feng, “Zhongqi miandian lixianji: cong youqian renxing dao xintong weishang [The adventures of Chinese enterprises in Myanmar: From ‘wealthy and willful’ to ‘heart connectivity’], *China Daily*, February 9, 2015, http://caijing.chinadaily.com.cn/2015-02/09/content_19525936.htm.
71 NORINCO, “Zhongguo Bingqi Gongye Jituan Youxian Gongxi: cong ‘gongshang gongjian, gongxiang’ zouxiang gongying” [China North Industries Group: From ‘consultation, co-construction, and sharing’ to win-win].
72 အလုပ်လက်မဲ့ ထောက်ပံ့ကြေး အစီအစဉ်နှင့် ထည့်ဝင်ကူညီမှုအစီအစဉ် နှစ်ခုအကြား ရှင်းလင်းသော ကွဲပြားမှုကို အတည်မပြုနိုင်ပါ။ အချို့ ရင်းမြစ်များက ယင်းအစီအစဉ်နှစ်ခုမှာ မတူညီကြောင်း ဆိုကြသည်။ ဥပမာ မြန်မာတိုင်းမ် ဆောင်းပါးတစ်ပုဒ်မှ ဝမ်ပေါင် ၏ ထုတ်ပြန်ချက်တွင် “မြေယာဆုံးရှုံးသည့် ရွာသားများ၏ ၇၁% က ကျွန်ုပ်တို့၏ ဒုတိယအကြိမ် ထောက်ပံ့ကြေးကို လက်ခံပြီး ကျေးရွာ ၃၅ ရွာအနက် ၈၃% က ကျွန်ုပ်တို့၏ ထည့်ဝင်ကူညီ အစီအစဉ်ကို လက်ခံခဲ့သည်” ဟုဆိုသည်။ See Chan Mya Htwe and Khin Su Wai, “Wanbao Requests Talks With Letpadaung Protesters,” Myanmar Times, May 12, 2016, https://www.mmtimes.com/national-news/20255-wanbao-requests-talks-withletpadaung-protesters.html. သို့သော် အခြားရင်းမြစ်များအရမူ အဆိုပါ အစီအစဉ်နှစ်ခုမှာ ထပ်နေသော လုပ်ငန်းများ ဖြစ်ပုံရသည်။ ဥပမာ မဇ္ဈိမ ဆောင်းပါးတစ်ပုဒ်၌ “ထိခိုက်ခဲ့သော ကျေးရွာ ၃၅ ရွာမှ မြေယာဆုံးရှုံးသူ ရွာသား ၈၃% က ကျွန်ုပ်တို့ ကမ်းလှမ်းသည့် ထည့်ဝင်ကူညီအစီအစဉ်ကို လက်ခံခဲ့သဖြင့် ယင်းမှာ ထိခိုက်နစ်နာခဲ့သော ရွာသားအများစုက ကျွန်ုပ်တို့ စီမံကိန်းကို ထောက်ခံခဲ့ခြင်း ဖြစ်သည်” ဟုရေးသားသည်။ See Mizzima News, “Wanbao Mining Company Reaches Out With CSR Programme, Innovative Video.” နော်ရင်ကို ဝဘ်ဆိုဒ်၌မူ အလုပ်လက်မဲ့ထောက်ပံ့ကြေးအစီအစဉ်တစ်ခုသာ ဖော်ပြထားသည်။ See NORINCO, “Zhongguo Bingqi Gongye Jituan Youxian Gongxi: cong ‘gongshang gongjian, gongxiang’ zouxiang gongying” [China North Industries Group: From ‘consultation, co-construction, and sharing’ to win-win]. အဆိုပါ မရှင်းလင်းမှုက ဝမ်ပေါင်၏ လူထုချိတ်ဆက် ဆောင်ရွက်မှု လုပ်ငန်းများမှာ တစ်ပိုင်းတစ်စစီ ဖြစ်နေကြောင်း ပြသနေသည်။
73 “Myanmar Wanbao: A New Dawn for the Chinese Copper Miner,” Mining.com, April 20, 2016, https://www.mining.com/myanmar-wanbao-a-new-dawn-for-the-chinese-copper-miner.
74 Online author interview with an SOE manager (not from Wanbao) based in Myanmar who is in charge of public relations, September 9, 2021. Also see Diane Tang-Lee “Case Study: Myanmar Letpadaung Copper Mining Project,” Ghub.org, June 2015, https://www.ghub.org/cfc_en/wp-content/uploads/sites/2/2015/06/Letpadaung-Case-Study-2015.6.23.pdf.
75 Myanmar Wanbao, “Press Conference Held for Wet-Hmay Old Village,” Myanmar Wanbao, April 2, 2018, https://web.archive.org/web/20181227003927/http://www.myanmarwanbao.com.mm/en/year-2018.html.
76 “‘We Want the Project to Continue’: Wanbao,” Irrawaddy, February 22, 2013, https://www.irrawaddy.com/in-person/interview/we-want-the-project-to-continue-wanbao.html; Mizzima News, “Wanbao Mining Company Reaches Out With CSR Programme, Innovative Video”; and

“Kidnapped,” Economist, May 24, 2014, https://www.economist.com/business/2014/05/24/kidnapped.

77 “Zhongmian jingjizoulang: Miandian fazhan de xinxing tujing” [China-Myanmar Economic Corridor: a new development path for Myanmar], Guangming Daily, September 17, 2018, https://news.gmw.cn/2018-09/17/content_31210352.htm.

78 Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement,” 53.

79 Hlaing, “Myanmar Villagers Agree to Relocate From China-Backed Copper Mine.”

80 Irrawaddy, “Myanmar Military-Chinese Copper Mining Stops as Workers Join Anti-Coup Protests.”

81 Debby Sze Wan Chan and Ngai Pun, “Reactive to Domestic Constraints: Dynamic Operations of a China-Backed Copper Mine in Myanmar, 2011–2021,” Eurasian Geography and Economics, 13, https://www.tandfonline.com/doi/abs/10.1080/15387216.2021.1955721.

82 CITIC, “Zhongxin jituan jiu miandian waiguo touzi diaocha xiangmu de huiying [CITIC’s response to foreign investment investigation in Myanmar], Business and Human Rights Centre, October 16, 2016, https://www.business-humanrights.org/en/latest-news/%E4%B8%AD%E4%BF%A1%E9%9B%86%E5%9B%A2%E5%B0%B1%E7%BC%85%E7%94%B8%E5%A4%96%E5%9B%BD%E6%8A%95%E8%B5%84%E8%B0%83%E6%9F%A5%E9%A1%B9%E7%9B%-AE%E7%9A%84%E5%9B%9E%E5%BA%94/.

83 China National Petroleum Corporation (CNPC), “Zhongmian youqi guandao xiangmu fabu qiye shehui zeren baogao [Sino-Myanmar oil and gas pipelines project published CSR report], CNPC, January 17, 2020, https://www.cnpc.com.cn/cnpc/jtxw/202001/3fe9406058aa428e84a19967b8037b33.shtml.

84 CNPC, “Zhongyou guoji zhongmian youqiguandao xiangmu shehui zeren jianshe jishi [Report on CNPC’s CSR implementation on international Sino-Myanmar gas and oil pipeline projects], CNPC, December 24, 2019, http://news.cnpc.com.cn/system/2019/12/24/001756811.shtml.

85 CNPC, “Zhongguo shiyou tianranqi jituan gongsi huiying youguan zhongmian youqi guandao xiangmu baogao [CNPC response to Myanmar oil and gas pipeline project report], Business and Human Rights Centre, August 5, 2013, https://media.business-humanrights.org/media/documents/files/documents/cnpc-response-re-myanmar-pipeline-5-aug-2013-ch.pdf.

86 Zhang and Sun, “Zhongguo zai mian touzixiangmu chengbai de yuanyin” [Reasons for success and failure of Chinese investments in Myanmar (2011–2016)].

87 မြန်မာနိုင်ငံသည် EITI သို့ ၂၀၁၄ ခုနှစ်တွင် ဝင်ရောက်ခဲ့သော်လည်း နိုင်ငံရေး မတည်ငြိမ်မှုကြောင့် နိုင်ငံ၏ ပါဝင်မှုကို ယာယီ ဆိုင်းငံ့ထားသည်။ See EITI, “Countries,” EITI, https://eiti.org/countries; and Yu Peihua and Jin Shuqin, “Qu miandian zuoshengyi? Xian qing gaoseng kaige guang” [Doing business in Myanmar? Invite senior monks to worship first], Shijie Shuo [Globus], October 10, 2019, https://www.sohu.com/a/346212100_354194.

88 Chan Mya Htwe, “Myanmar Successfully Renegotiates Debt, Ownership Terms for Kyaukphyu,” Myanmar Times, October 1, 2018, https://www.mmtimes.com/news/myanmar-successfully-renegotiatesdebt-ownership-terms-kyaukphyu.html.

89 Sang Linfeng, “Gonghedangyuan juebuneng Xinyang zongjiao,” [Chinese Communist Party members absolutely may not practice religion,] China Discipline Inspection and Supervision News, http://politics.people.com.cn/n1/2016/0430/c1001-28316211.html.

90 Yu and Jin, “Qu miandian zuoshengyi? Xian qing gaoseng kaige guang” [Doing business in Myanmar? Invite senior monks to worship first].

91 Social Resources Institute, “The Social Responsibility of China’s OFDI and NGOs’ Engagement.”
92 Zarni Mann, “Police Kill Villager in Copper Mine Standoff,” Irrawaddy, December 22, 2014, https://www.irrawaddy.com/news/burma/police-kill-villager-copper-mine-standoff.html.
93 Nyein Nyein and Rik Glauert, “Amnesty International Urges Govt to Suspend Letpadaung Copper Mine,” February 10, 2017, https://www.irrawaddy.com/news/burma/amnesty-international-urges-govtto-suspend-letpadaung-copper-mine.html.
94 Diane Tang-Lee, “Corporate Social Responsibility (CSR) and Public Engagement for a Chinese State-Backed Mining Project in Myanmar: Challenges and Prospects,” Resources Policy 47 (2016) 28–37.
95 မြန်မာဝမ်ပေါင် ဝဘ်ဆိုဒ်အရ နောက်ဆုံး အစီရင်ခံစာကို ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ (ဝဘ်ဆိုဒ်က စုဆောင်းထားသည့် မှတ်တမ်းအားလုံးမှာ CSR လုပ်ငန်းများ အကြောင်းချည်း မဟုတ်ပါ) ဥပမာ ၂၀၁၈ ခုနှစ် မှတ်တမ်းတွင် ရွာတစ်ရွာ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲအကြောင်း ပါရှိနေသည်။ See Myanmar Wanbao, “Press Conference Held for Wet-Hmay Old Village.”
96 “Zhongguo zaimian laibitang tongkuang didiao fugong,” [China resumes work in low-key fashion at Myanmar’s Letpadaung copper mine], Global Times, February 22, 2014, https://world.huanqiu.com/article/9CaKrnJEm7Q.
97 Online author interviews with Chinese scholars based in Yunnan, January 8, 2022.
98 Online author interview with an SOE manager who requested to remain anonymous, April 24, 2021.
99 SiuSue and Zhang, “From Impediment to Adaptation.”
100 Wai, “Land Compensation to Start in Chinese-Operated Copper Mine.”
101 International Finance Corporation, “Performance Standard 7: Indigenous Peoples,” International Finance Corporation, January 1, 2012, https://www.ifc.org/wps/wcm/connect/3274df05-7597-4cd3-83d9-2aca293e69ab/PS7_English_2012.pdf?MOD=AJPERES&CVID=jiVQI.D, 3–5; United Nations Department of Economic and Social Affairs, “Free Prior and Informed Consent: An Indigenous Peoples’ Right and a Good Practice for Local Communities – FAO,” United Nations Department of Economic and Social Affairs, October 2016, https://www.un.org/development/desa/indigenouspeoples/publications/2016/10/free-prior-and-informed-consent-an-indigenous-peoples-right-and-a-goodpractice-for-local-communities-fao; and International Labour Organization, “C169 - Indigenous and Tribal Peoples Convention, 1989 (No. 169),” International Labour Organization, 1989, https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:C169.
102 Xue Gong, “Tying Hands for What?’ China’s New White Paper on International Development Financing” in Drivers of Global Change: Responding to East Asian Economic and Institutional Innovation, ed. Giuseppe Gabusi (Torino, Italy: Torino World Affairs Institute, 2021), https://www.twai.it/journal/drivers-of-global-change-2021.
103 Enze Han, “Why China Has Everything to Lose From Myanmar Coup,” Think China, February 24, 2021, https://www.thinkchina.sg/why-china-has-everything-lose-myanmar-coup.
104 “Major Cabinet Reshuffle Announced in Myanmar,” Xinhua News Agency, February 2, 2021, http://www.xinhuanet.com/english/2021-02/02/c_139713877.htm.
105 “‘China, Get Out of Myanmar,’ Say Pro-Democracy Supporters,” Irrawaddy, https://www.irrawaddy.com/news/burma/china-get-myanmar-say-pro-democracy-supporters.html.
106 “China Again Seeks Myanmar Regime’s Assurances on Oil, Gas Pipelines Security,” Irrawaddy, April 2, 2021, https://www.irrawaddy.com/news/burma/china-seeks-myanmar-regimes-assurances-oil-gaspipelines-security.html; and Donald M. Seekins, “China and the February 1,

2021 Coup d'Etat in Burma: Beijing's Geopolitical Nightmare," Asia-Pacific Journal 19, no. 10 (May 2021), https://apjjf.org/-Donald-M--Seekins/5600/article.pdf.

107 "Myanmar Protesters Say an Attack on China's Pipelines Would Be 'Internal Affair,'" https://www.irrawaddy.com/news/burma/myanmar-protesters-say-attack-chinas-pipelines-internal-affair.html.

108 "Junta Approves $2.5bn Power Plant Project Backed by Chinese Companies," Myanmar Now, https://www.myanmar-now.org/en/news/junta-approves-25bn-power-plant-project-backed-by-chinesecompanies? page=2.

109 Gong, "Understanding the Belt and Road Initiative in Myanmar."

110 Chinese Embassy in the United States, "Wang Yi Holds Talks With State Counsellor and Foreign Minister of Myanmar Aung San Suu Kyi," Chinese Ministry of Foreign Affairs, January 11, 2021, https://www.fmprc.gov.cn/ce/ceus/eng/zgyw/t1846054.htm.

111 Irrawaddy, "Myanmar Military-Chinese Copper Mining Stops as Workers Join Anti-Coup Protests."

112 U.S. Department of Commerce, "Commerce Increases Restrictions on Burmese Military by Adding Four Entities to Entity List in Continued Response to the Recent Military Coup," U.S. Department of Commerce, July 2, 2021, https://www.commerce.gov/news/press-releases/2021/07/commerce-increasesrestrictions-burmese-military-adding-four-entities.

113 Gong, "Logics of Appropriateness."

CARNEGIE
ENDOWMENT FOR
INTERNATIONAL PEACE

1779 Massachusetts Avenue NW | Washington, DC 20036 | P: + 1 202 483 7600

CarnegieEndowment.org